# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# စီးပွားရေးသံမှူး သတင်းလွှာ

2(2/2022)

**စီးပွားရေးသံမှူးများ**
**တာဝန်ထမ်းဆောင်သောနိုင်ငံများ**

**India**

**USA**

**Belgium**

**Japan**

**China(Hong Kong)**

**Thailand**

**Singapore**

**Korea**

**China(Beijing)**

**China(Nanning)**

**China(Kunming)**

**South Africa**

**Australia**

**Germany**

**Brazil**


**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်အလက်နှင့်**
**သုတေသနဌာနခွဲ၊**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**
**ဝန်ကြီးဌာန၊**
**ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်**

**ဖုန်း – 0673408624**
**0673408645**

**e-mail-tirnpt2020@gmail.com**

## တောင်ကိုရီးယားနိုင်ငံအခြေပြု အာရှတိုက်၏ ဒုတိယအကြီးဆုံး B2B E-commerce Platform ဖြစ်သော ECPlaza(www. ecpla-za.net) တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ မြန်မာ့ပို့ကုန်တိုးတက်ရေးအတွက် Myanmar Pavilion (မြန်မာပြခန်းဆောင်)ကို Cyber King Co., Ltd. ၏နည်းပညာပူးပေါင်းပံ့ပိုးမှုဖြင့် လွှင့်တင်ဖွင့်လှစ်နိုင်ခဲ့




တောင်ကိုရီးယားနိုင်ငံအခြေပြု အာရှတိုက်၏ဒုတိယအကြီးဆုံးတစ်ခုဖြစ်သော ECPlaza(www.ecplaza.net)ပေါ်တွင် မြန်မာပြခန်းဆောင် (Myanmar Pavilion)လွှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားအား(၂၇-၁-၂၀၂၂) ရက်နေ့၊ ကိုရီးယားစံတော်ချိန် (၁၅:၃၀) နာရီအချိန်တွင် (Online) စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဦးဆောင်သည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာရှိကြီးများ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့၊ စီးပွားရေးသံမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့လက်အောက်ရှိ အနယ်နယ်အရပ်ရပ်မှ Trade Center တာဝန်ခံများ၊ Cyber King

Co., Ltd. ၏ CEO ဦးမြတ်သူနှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး၊ တောင်ကိုရီးယားနိုင်ငံဘက်မှ ရန်ကုန်မြို့ KOTRA ရုံးခွဲ (Korea Desk) ၏ တာဝန်ခံ Director ဖြစ်သူ Mr. Kyung Kaung Jun၊ Ecplaza Network Inc. ၏ဥက္ကဋ္ဌ Mr. Park Inkyu ဦးဆောင်သော ကုမ္ပဏီတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း (၅၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဒ်မူတာကပေါ က အဖွင့်အမှာစကားပြောကြား၍ ECP laza ပေါ်ရှိ “မြန်မာပြခန်းဆောင်” ကို ဖွင့်လှစ်ပေးခဲ့ပြီး၊ သက်ဆိုင်ရာ မြန်မာ–ကိုရီးယား တာဝန်ရှိပုဂ္ဂိုလ်အသီးသီးက ECP laza B2B E–commerce Platform ပေါ်ရှိ မြန်မာပြခန်းဆောင်ကို အသုံးပြု၍ မြန်မာ–ကိုရီးယား ကုန်သွယ်မှုတိုးတက်စေရေး၊ မြန်မာ့ပို့ကုန်များ နိုင်ငံတကာ ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်လျက် တင်ပို့ရောင်းချရေးတို့အတွက် ဆွေးနွေးကာ ECPlaza တာဝန်ရှိသူများမှ Website အသုံးပြုပုံများကို လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ECP laza သည် တောင်ကိုရီးယားနိုင်ငံအခြေပြု၍ အာရှတိုက်၏ဒုတိယအကြီးဆုံး အောင်မြင်သည့် B2B E–commerce Platform တစ်ခုဖြစ်ပါသည်။ ဤကဲ့သို့ မြန်မာပြခန်းဆောင်အား ECP laza ပေါ်တွင်လွှင့်တင်ဆောင်ရွက်ရန်သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့၌ ကျင်းပခဲ့သော ASEAN–Korea Commemorative Summit 2019 ၏ ပူးတွဲအခမ်းအနားတစ်ခုဖြစ်သည့် 2019 ASEAN–Korea Startup Week တွင် စတင်အခြေပြုခဲ့ပြီး၊ ယခုကဲ့သို့ မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အဓိက စီစဉ်လမ်းညွှန်ပံ့ပိုးမှု၊ မြန်မာနိုင်ငံ၊ Cyber King Co., Ltd. နှင့် တောင်ကိုရီးယားနိုင်ငံ၊ Ecp laza Network Inc. တို့၏ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သက်ဆိုင်ရာ မြန်မာ–ကိုရီးယား စီးပွားရေးသံမှူးများနှင့် စီးပွားရေးရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဤကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ ECP laza website ပေါ်ရှိ Myanmar Paviliion (မြန်မာပြခန်းဆောင်) တွင် မြန်မာ့အရည်အသွေးမီ လယ်ယာထွက်ကုန်စည်များ၊ ရေထွက်ကုန်စည်များ၊ မြန်မာ့ကော်ဖီ၊ လက်ဖက်ရည်နှင့် စားသောက်ကုန်စည်များ၊ သစ်သီးဝလံများ၊ အိမ်အလှဆင်နှင့် အမှတ်တရလက်ဆောင် တန်ဖိုးမြင့်ကုန်ချောထုတ်ကုန်များ (Value Added Product)များ စသည့် မြန်မာ့ပို့ကုန်များကို လွှင့်တင်ပြသ၍ ရောင်းချနိုင်ပြီဖြစ်ရာ၊ မြန်မာ–ကိုရီးယား နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် ပိုမိုချဲ့ထွင်နိုင်ရေးတို့ကို လက်ရှိကိုဗစ်ကာလ စိန်ခေါ်မှုများကို အံတုလျက် ပုံမှန် Offline ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်မှုများအပြင် 4IR ခေတ်စနစ်နှင့်အညီ E–Commerce စနစ်ဖြင့် New Normal Digital Life ၏ ကုန်သွယ်မှုမြှင့်တင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုပင် ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် တင်ပြလိုက်ရပါသည်။

Source: (စီးပွားရေးသံမှူး–တောင်ကိုရီးယား)

## အထူးစီးပွားရေးဇုန် ဥပဒေအား အသစ်ပြဋ္ဌာန်းရန် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပြု

အိန္ဒိယနိုင်ငံ၌ ပြည်နယ်များအကြား ဝန်ဆောင်မှု ဗဟိုဌာနများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို မိတ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် တည်ရှိဆဲ အထူးစီးပွားရေးဇုန် အက်ဥပဒေအား ဥပဒေအသစ်ဖြင့် အစားထိုးမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ၁–၂–၂၀၂၂ နေ့တွင် ထုတ်ဖော်ပြောကြားပါသည်။ လက်ရှိ အထူးစီးပွားရေးဇုန် အက်ဥပဒေအား ကုန်ထုတ်လုပ်မှုမြှင့်တင်ရန်နှင့် ပို့ကုန်ဗဟိုဌာနများ ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ၎င်းစီးပွားရေးဇုန်များရှိ လုပ်ငန်းများအား နိုင်ငံခြားသားပိုင်လုပ်ငန်းများအဖြစ် မှတ်ယူဆက်ဆံခြင်းဖြစ်ပါသည်။ မူလက အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများအနေဖြင့် ပထမ ၅ နှစ်အတွင်း ပို့ကုန်မှဝင်ငွေအပေါ် ၁၀၀ ရာခိုင်နှုန်းပြည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ ဒုတိယ ၅ နှစ်အတွက် ပို့ကုန်မှဝင်ငွေအပေါ် ၅၀% ဝင်ငွေခွန်သက်သာခွင့်နှင့် တတိယ ၅ နှစ်တွင် အမြတ်ငွေအား ပြန်လည်အရင်းပြု၍ ပို့ကုန်တင်ပို့မှုမှ ဝင်ငွေအပေါ် အခွန် ၅၀% သက်သာခွင့်တို့ကို ပေးအပ်ခဲ့သော်လည်း အခွန်သက်သာခွင့်အား သက်တမ်းကုန်ဆုံးစေမည့် ဝါကျစာပိုဒ်များနှင့် အနိမ့်ဆုံးပေးဆောင်ရမည့် အလှည့်ကျအခွန်တို့ကို စည်းကြပ်မှုပြုချိန်မှစ၍ ၎င်းဥပဒေအရ လုပ်ကိုင်သည့် အထူးစီးပွားရေးဇုန်များ၏ အရှိန်အဝါတောက်ပြောင်မှုမှာ လျော့ပါးခဲ့ပါသည်။ ၂၀၂၂–၂၃ ခုနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး အစီအစဉ်အား လွှတ်တော်သို့ တင်ပြရာတွင် ထိုကဲ့သို့ အထူးစီးပွားရေးဇုန် ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နီမာလာစီသာရာမန်က ပြောဆိုခဲ့ခြင်းဖြစ်သည်။ အခြေခံအဆောက်အအုံများအား သင့်မြတ်လျော်ညီစွာ အသုံးပြုလျက် ပို့ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်ရေး ဥပဒေအသစ်သည် တည်

ရှိဆဲနှင့် အသစ်ပေါ်ပေါက်လာမည့် ကုန်ထုတ်လုပ်ငန်းကြီးများ အားလုံးအပေါ် လွှမ်းခြုံမှုရှိမည်ဖြစ်ကြောင်း၊ အစိုးရသည် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူစေရေးအတွက် အထူးစီးပွားရေးဇုန်များ၏ အကောက်ခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုတွင်လည်း သတင်းအချက်အလက် နည်းပညာရပ်များ အပြည့်အဝအသုံးပြုလျက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ပြောင်းလဲလုပ်ဆောင်မှုများအား လာမည့် စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း အကောင်အထည်ဖော်ဆောင်နိုင်မည်ဟု မျှော်မှန်းထားကြောင်းဖြင့် ၎င်းကပြောကြားပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ပီယွတ်ရှ်ဂိုယယ်ကလည်း အထူးစီးပွားရေးဇုန် ဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ၎င်း၏ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အစိုးရများနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများအားလုံးနှင့် တိုင်ပင်ဆွေးနွေးလျက်ရှိကြောင်း၊ ဥပဒေအသစ်၏အပြီးသတ်မူဘောင်ထွက်ပေါ်လာရန်မှာ ၄ လမှ ၆ လခန့်အထိ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ အထူးစီးပွားရေးဇုန်ပေါင်း ၂၅၀ ကျော်နှင့် စက်မှုဥယျာဉ်နယ်မြေပေါင်း ၁၀၀ ကျော်ရှိပြီး ၎င်းဇုန်နယ်မြေများရှိ လစ်လပ်လျက်ရှိသော မြေနေရာများနှင့် အဆောက်အအုံများ အားလုံးကို အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ဥပဒေအသစ်ကို ပြင်ဆင်ပြဋ္ဌာန်းရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောဆိုပါသည်။ အိန္ဒိယအစိုးရသည် ၃၁-၃-၂၀၂၀ နေ့မတိုင်မီကာလအတွင်း လုပ်ငန်း စတင်ဆောင်ရွက်သော အထူးစီးပွားရေးဇုန်များရှိ ကုမ္ပဏီလုပ်ငန်းအသစ်များသည်သာ ဝင်ငွေခွန်ကင်းလွတ်ခွင့်ဆိုင်ရာ သက်သာမှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ယခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့အထိ အထူးစီးပွားရေးဇုန်ပေါင်း ၄၂၅ ခုကို တည်ထောင်လုပ်ကိုင်ရန် အစိုးရက အတည်ပြု ခွင့်ပြုချက်ချမှတ်ပေးထားပြီး ၎င်းတို့အနက် ၃၀-၁၂-၂၀၂၁ နေ့အထိ လုပ်ငန်းဆောင်ရွက်လည်ပတ်လျက်ရှိသော ဇုန်ပေါင်း ၂၆၈ ခုရှိပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ အဆိုပါ အထူးစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှု ပမာဏမှာ ရူပီးငွေ ၆၂၈၅ ဒသမ ၆၅၈၉ ဘီလီယံရှိပြီး လူဦးရေ ၂.၅၆ သန်းကျော်အတွက်အလုပ်အကိုင်ဖန်တီးပေးထားကြောင်း၊ ၂၀၂၀-၂၁ ခုနှစ်တွင် အထူးစီးပွားရေးဇုန်များမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၃၂ ဘီလီယံ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

Source: 1. Govt proposes to replace existing SEZ law with new legislation, 1-2-2022, Business Standard

2. It should take 4-6 months on final framework for new SEZ law: Goyal, 1-2-2022, Business Standard

Source:(စီးပွားရေးသံမှူး-အိန္ဒိယ)

## အိန္ဒိယအစိုးရက ယခုနှစ် နွေသီးနှံရာသီ၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးရန် လျာထား

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ်၊ နွေသီးနှံရာသီ (မတ်လမှ မေလအတွင်း) ၌ စပါး ပါဝင်ခြင်းမရှိသော နွေသီးနှံမျိုးစုံကို ယခင်နှစ် စိုက်ပျိုးဧရိယာထက် ၂၆% ခန့် ပိုမိုလျက် ဟက်တာ ၅၂.၇၂ သိန်းအထိ တိုးချဲ့စိုက်ပျိုးရန် အစိုးရက လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ အိန္ဒိယ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာနသည် ယခုနှစ်အတွက် နွေသီးနှံစိုက်ပျိုးရေး သုံးသပ်မှုဆိုင်ရာ အမျိုးသားအဆင့် ညီလာခံဆွေးနွေးပွဲကို ၂၇-၁-၂၀၂၂ နေ့၌ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာတွင် စိုက်ပျိုးရေးဝန်ကြီး Mr. Narendra Kumar Tomar ပါဝင်တက်ရောက်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိများက နွေသီးနှံတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ တိုးချဲ့စိုက်ပျိုးရန် လျာထားသည့် သီးနှံများတွင် ပဲမျိုးစုံအား စိုက်ဧရိယာ ဟက်တာ ၂၁.၀၅ သိန်း၊ ဆီထွက်သီးနှံ ဟက်တာ ၁၃.၇၈ သိန်းနှင့် အခြားနံစားသီးနှံ ဟက်တာ ၁၇.၈၉ သိန်း တို့ ပါဝင်မည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုမှာ ယခင်နှစ်က ဧရိယာဟက်တာ သိန်း ၄၀ ခန့်ရှိပြီး ယခုနှစ်တွင် ဟက်တာ သိန်း ၃၀ မှ ၄၀ အကြား စိုက်ပျိုးနိုင်ဖွယ်ရှိကြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအား စပါးစိုက်ပျိုးရန် ရည်မှန်းထားသည့် လုပ်မြေဧရိယာနေရာများ၌ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၇-၁-၂၀၂၂ နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အိန္ဒိယ၏နွေသီးနှံပဲမျိုးစုံတွင် ပဲတီစိမ်းသည် အဓိကသီးနှံဖြစ်ပြီး ယခင်နှစ်၌ မဒ္ဒရာပရာဒေ့ရှ်၊ ဘီဟာ၊ သြရိဿ၊ တမီနာဒူ၊ ဥတ္တာပရာဒေ့ရှ်နှင့် အန္တရာပရာဒေ့ရှ် ပြည်နယ်များတွင် စုစုပေါင်း ဟက်တာ ၁၄.၄၅ သိန်းခန့် စိုက်ပျိုးခဲ့သည်။ မတ်ပဲမှာ ဒုတိယအများဆုံးဖြစ်ပြီး ၂၀၂၁ ခုနှစ် နွေရာသီတွင် ဧရိယာဟက်တာ ၂.၉၈ သိန်း စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် နွေသီးနှံရာသီ၌ ပဲတီစိမ်း ဟက်တာ ၁၇.၅၈ သိန်း၊ မတ်ပဲဧရိယာဟက်တာ ၃.၁၃ သိန်းနှင့် အခြားပဲများကို ဟက်တာ ၀.၃၄ သိန်း စိုက်ပျိုးရန် အိန္ဒိယအစိုးရက လျာထားလျက်ရှိသည်။ နွေရာသီ ဆီထွက်သီးနှံများအနက် မြေပဲအား ယခင်နှစ်၌ ဟက်တာ ၅.၉၅ သိန်း စိုက်ပျိုးရာမှ ယခုနှစ်တွင်

ဟက်တာ ၇.၆၀ သိန်းသို့လည်းကောင်း၊ နှမ်းကို ၂၀၂၁ ခုနှစ်နွေရာသီစိုက်ပျိုးမှု ဟက်တာ ၄.၂၇ သိန်းထက် ပိုမို၍ ယခုနှစ်၌ ဟက်တာ ၅.၂၅ သိန်းသို့လည်းကောင်း တိုးမြှင့်စိုက်ပျိုးရန် လျာထားသည်။ ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် မုတ်သုံကာလအလွန် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ အိန္ဒိယနိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုမှာ ပုံမှန်မိုးရေချိန် ၁၇၇.၇ မီလီမီတာထက် ၄၄% ကျော် ပိုမိုရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလ ပထမရက်သတ္တ ၃ ပတ်အတွင်း မိုးရေချိန်သည်လည်း ပုံမှန်ပျမ်းမျှ ၃၁.၈ မီလီမီတာထက် ၃ ဆခန့် ပိုမိုခဲ့သည်။ ထိုသို့ စိုက်ပျိုးရေရရှိနိုင်မှုက နွေသီးနှံတိုးချဲ့စိုက်ပျိုးရန် ကောင်းမွန်သည့်အခြေအနေကို ဖြစ်ပေါ်စေပြီး ဓာတ်မြေသြဇာသွင်းအားစု လုံလောက်စွာရရှိစေရေး အိန္ဒိယအစိုးရကစီမံဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၌ နွေစပါးအပါအဝင် Zaid crop ခေါ် နွေသီးနှံမျိုးစုံ စိုက်ပျိုးမှုမှာ ၂၀၁၇-၁၈ ခုနှစ်၌ ဧရိယာဟက်တာ ၂၉.၇၁ သိန်းရှိရာမှ ၃ နှစ်အတွင်း ၂.၇ ဆခန့် တိုးတက်လျက် ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် ဟက်တာ ၈၀.၄၆ သိန်းသို့ ရောက်ရှိလာကြောင်း သိရှိရပါသည်။

Source: Union Agriculture Minister addresses 4th National Conference on Agriculture for Summer Campaign 2021–22, 27–1–2022, Press Information Bureau of India

Source: (စီးပွားရေးသံမှူး-အိန္ဒိယ)

## အိန္ဒိယနိုင်ငံ၌ ခရိုင်တစ်ခုထုတ်ကုန်တစ်ခု အစီအစဉ်အား မြှင့်တင်ဆောင်ရွက်

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုမြှင့်တင်၍ ပြည်ပသို့တင်ပို့နိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ အိန္ဒိယစက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန (DPIIT) သည် ခရိုင်တစ်ခုထုတ်ကုန်တစ်ခု အစီအစဉ် (ODOP Initiative) အကောင်အထည်ဖော် ဆောင်မှုဆိုင်ရာညီလာခံဆွေးနွေးပွဲကို ၂၁-၁-၂၀၂၂ နေ့၌ ကျင်းပခဲ့ပါသည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၄-၁-၂၀၂၂ နေ့၌ သတင်းထုတ်ပြန်ရာတွင် အဆိုပါညီလာခံ၌ DPIIT ဌာနမှ အရန်အတွင်းဝန် Ms. Sumita Dawra က သဘာပတိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ပြည်နယ်/ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များမှ အတွင်းဝန်များ၊ ပြည်နယ်များရှိ စက်မှုလုပ်ငန်းမြှင့်တင်ရေးဌာနများမှ တာဝန်ရှိသူများ တက်ရောက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်သည် သစ်ကြားသီးနှင့် ပန်းသီးတို့ကို ခရိုင်တစ်ခု ထုတ်ကုန်တစ်ခု (ODOP) လုပ်ငန်းအဖြစ် Dubai Expo 2020 ၌ ပါဝင်ပြသလျက် ရောင်းသူ၊ ဝယ်သူ ချိတ်ဆက်တွေ့ဆုံပွဲများ ပြုလုပ်ခြင်းဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်သည်လည်း ၎င်း၏ခရိုင်များအားလုံးမှ လက်မှုအနုပညာရှင်များနှင့် ကုန်ထုတ်လုပ်သူများအတွက် ODOP အကောင်အထည်ဖော်ဆောင်မှုကို စံနမူနာပြ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အလားတူ တြိပူရပြည်နယ်သည်လည်း ပြည်နယ်အစိုးရနှင့် ODOP အဖွဲ့များအကြား ပူးပေါင်းလုပ်ကိုင်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် လမ်းပြမြေပုံအားချမှတ်နိုင်ခဲ့ပြီး ခရိုင် ၈ ခုလုံးမှ ထုတ်ကုန် ၁ မျိုးစီအား ပြည်ပတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း DPIIT ဌာနရှိ အိန္ဒိယရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (Invest India) သည် ODOP လုပ်ငန်းများအတွက် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် ကုန်သွယ်မှုလွယ်ကူစေရေး အစီအမံများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရာဂျပ်စတန် ပြည်နယ်မှ Molela လက်မှုအနုပညာသည်များသို့ ဒီဇိုင်းရေးဆွဲမှု သင်တန်းပို့ချခြင်း၊ အာသံပြည်နယ်ရှိ Muga ပိုးထည်လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်ခြင်း၊ မီဂါလာရာပြည်နယ်ရှိ Lakadong နနွင်းတက် စိုက်ပျိုးထုတ်လုပ်သူများအတွက် နှစ်စဉ်ကုန်သွယ်မှု လွယ်ကူရေး ကူညီပံ့ပိုးခြင်းတို့ကို အဆိုပါ အေဂျင်စီက ဆောင်ရွက်ခဲ့ပြီး Dubai Expo 2020 ကဲ့သို့သော နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပို့ကုန်မြှင့်တင်ရေး ပါဝင်ပြသနိုင်ခဲ့ကြောင်း ဖော်ပြပါသည်။

အဆိုပါ ခရိုင်တစ်ခု ထုတ်ကုန်တစ်ခု ညီလာခံဆွေးနွေးပွဲ၌ ODOP လုပ်ငန်း အစီအစဉ်အား ပြည်နယ်များမှ ချိတ်ဆက်ဆောင်ရွက်မည့် လမ်းပြမြေပုံကို ချမှတ်ခဲ့ကြောင်း၊ ပြည်နယ်များမှ ထုတ်ကုန်ရောင်းချလိုသူများ၏ အချက်အလက်များကို မျှဝေဖလှယ်၍ ဝယ်လက်များနှင့် ချိတ်ဆက်နိုင်ရေး ODOP လုပ်ငန်းအဖွဲ့များက ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ခရိုင်တစ်ခုထုတ်ကုန်တစ်ခု လုပ်ငန်းများအား အောင်မြင်စွာဖော်ဆောင်နိုင်ရေးအတွက် ပြည်နယ်တစ်ခုစီတွင် တာဝန်ယူဆောင်ရွက်မည့် အရာရှိများကို ခန့်အပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ အိန္ဒိယအစိုးရသည် ကျေးလက်ဒေသရှိ လက်မှုအနုပညာရှင်များ၏ ODOP လုပ်ငန်း အစီအစဉ်မှ ထုတ်ကုန်များကို အင်တာနက်ကွန်ယက်စနစ်၌အခြေပြုရောင်းချနိုင်ရေးအတွက် e-commerce လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီကြီးများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။ DPIIT ဌာနမှ ညွှန်ကြားရေးမှူး Mr. B. Ramanjaneyulu က အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ODOP Initiative အား ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်စွာအကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်

နယ်များရှိ စက်မှုလုပ်ငန်းဌာနများအနေဖြင့် တက်ကြွစွာ ပါဝင်ပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

Source: 'One District One Product' (ODOP) initiative of Centre, 24-1-2022, Press Information Bureau of India

Source: (စီးပွားရေးသံမှူး-အိန္ဒိယ)

## ထိုင်းနိုင်ငံတွင် စားအုန်းဆီဈေးကြီးမြင့်မှုကိုကိုင်တွယ်ဖြေရှင်းမည်ဟုဝန်ကြီးကကတိပြု

ယမန်နှစ်က တစ်ပုလင်းလျှင် ဘတ်ငွေ (၅၆-၆၀) သာရှိခဲ့သည့် စားအုန်းဆီဈေးနှုန်းများသည် ယခုအပတ်အတွင်း တစ်ပုလင်းလျှင် ဘတ်ငွေ (၇၀) အထိ တက်သွားပြီးနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်က အဆိုပါ စားအုံးဆီဈေးနှုန်းမြင့်တက်သွားခြင်းကို ကိုင်တွယ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။ စားအုန်းဆီဈေးနှုန်းအပါအဝင် မရှိမဖြစ်လိုအပ်သောလူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းများမြင့်တက်နေခြင်းကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် (၂၅-၁-၂၀၂၂) ရက်နေ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အစည်းအဝေးအပြီးတွင် မစ္စတာဂျူရင်က စားအုံးဆီဈေးနှုန်းမြင့်တက်ရခြင်းမှာ စားအုန်းဆီအစေ့နှင့် စားအုန်းဆီကြမ်းဈေးနှုန်းများမြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆီအုန်းစေ့ဈေးနှုန်းများသည် ၂၀၁၇ ခုနှစ်တွင် တစ်ကီလိုလျှင် (၂) ဘတ်သာရှိခဲ့ရာမှ ယခုအခါတွင် (၁၀-၁၁) ဘတ်အထိ (၅) နှစ်တာကာလအတွင်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ မစ္စတာဂျူရင်က မြင့်မားသောဈေးနှုန်းများသည် တောင်သူများကို အကျိုးရှိစေမည်ဖြစ်သော်လည်း စားသုံးသူများကို ထိခိုက်စေကြောင်း ပြောကြားခဲ့ပါသည်။

စိုက်ပျိုးသူလယ်သမားများ၊ ထုတ်လုပ်သူများနှင့် စားသုံးသူများစသည့် သက်ဆိုင်သူအားလုံးတို့အတွက် ဟန်ချက်ညီမျှတစွာအကျိုးရှိစေဖို့အတွက် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့ကိုညွှန်ကြားခဲ့ကြောင်း ဝန်ကြီး မစ္စတာဂျူရင်ကဆိုပါသည်။ မည်သို့ပင်ဆိုစေကာမူ အစိုးရက ဈေးကွက်တွင် ဝင်ရောက်စွက်ဖက်ပြီး စားအုန်းဆီကို ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင် ထည့်သွင်းရန်မှာမဖြစ်နိုင်ကြောင်း သိရှိရပါသည်။ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Wattanasak Sur-iam ၏အဆိုအရ ကုန်တိုက်များနှင့် လက်လီလက်ကားဆိုင်များတွင် ရောင်းချသော စားအုန်းဆီဗူးများ၏ ဈေးနှုန်းများသည် ၎င်းတို့၏ဈေးနှုန်းများကို ထိန်းသိမ်းပေးရန်ဌာနမှ တောင်းဆိုညှိနှိုင်းထားသည့် ဈေးနှုန်းအတိုင်းအတာအတွင်းတွင် ထိန်းသိမ်းထားဆဲဖြစ်ကြောင်း သိရှိရပါသည်။

နောက်လ ဆီအုန်းအသစ်ထွက်ရှိချိန်တွင် ဈေးနှုန်းအခြေအနေ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ ထိုင်းနိုင်ငံတွင် စားအုန်းဆီကြမ်းသိုလှောင်ထားရှိမှုအနေဖြင့် တန်ချိန်ပေါင်း (၁၇၀,၀၀၀) ရှိကြောင်း ၎င်းမှာ တိုင်းပြည်၏လိုအပ်ချက်ဖြစ်သည့် တန်ချိန် (၃၀၀,၀၀၀) နှင့် နှိုင်းယှဉ်ပါက သိသိသာသာနည်းပါးလွန်းသည်ဟု ယူဆရကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက ယမန်နှစ် ဒီဇင်ဘာလတွင် အစီရင်ခံတင်ပြခဲ့ကြောင်းသိရှိရပါသည်။ စားအုန်းဆီကြမ်းဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ဘတ်ငွေ (၅၆) ရှိကြောင်း၊ ၎င်းမှာ ယမန်နှစ် ဇန်နဝါရီလက ရှိခဲ့သည့် (၃၅) ဘတ်ထက် ပိုမိုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ပြည်တွင်းစားအုန်းဆီကြမ်းဈေးနှုန်းမှာ ကမ္ဘာ့ဈေးကွက်ပေါက် ဈေးနှုန်းဖြစ်သည့် (၄၄) ဘတ်ထက် တစ်ကီလိုဂရမ်လျှင် (၁၂-၁၃) ဘတ်ခန့်မြင့်တက်နေခြင်းဖြစ်ပါသည်။ ယခုနှစ်အတွက် ဆီအုန်းစေ့များ တန်ချိန် (၁၇) သန်းခန့် ထောက်ပံ့ ဖြည့်တင်းနိုင်လိမ့်မည်ဟု စိုက်ပျိုးရေးစီးပွားရေးရုံးမှ ခန့်မှန်း ထားကြောင်း၊ ၎င်းမှာ ယမန်နှစ်ကရှိခဲ့သည့် (၁၆) သန်းထက် ပိုမိုများပြားကြောင်းသိရှိရပါသည်။ ပြည်တွင်းဝယ်လိုအားအနေဖြင့် ပြည်တွင်းထောက်ပံ့ဖြည့်ဆည်းမှုနှင့်အနီးစပ်ဆုံး ကိုက်ညီမည်ဟုမျှော်လင့်ကြောင်း၊ စုစုပေါင်းထောက်ပံ့ ဖြည့်ဆည်းမှုတွင် တန်ချိန် (၁) သန်းမှာ စားအုန်းဆီထုတ်လုပ်ရန်နှင့် ကျန်ရှိသည်များမှာ ဇီဝဒီဇယ် (Bio Diesel) အတွက်နှင့် သိုလှောင်ထားရန်အတွက်ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## ထိုင်းအစိုးရအနေဖြင့် ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့များဖွဲ့စည်း



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ဗန်ကောက်မြို့နှင့် အနီးပတ်ဝန်းကျင်ရှိပြည်နယ်များတွင် စားသောက်ကုန်များနှင့်ကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်

တက်မှုကို စစ်ဆေးသွားရန်အတွက် စောင့်ကြည့်ရေးအဖွဲ့ (၅၅) ဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်းသိရှိရပါသည်။ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Wattanasak Sur-iam ၏ အဆိုအရ စောင့်ကြည့်ရေးအဖွဲ့များအနေဖြင့် ဈေးနှုန်းကဒ်ပြားမချိတ်ထားသောကုန်သည်များနှင့် ကျိုးကြောင်းဆီလျှော်မှုမရှိဘဲ၊ မျှတမှုမရှိဘဲ မတရားဈေးနှုန်းမြှင့်တင်ရောင်းချသူများအား တရားဥပဒေအရချက်ခြင်း အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားကြောင်းသိရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် နည်းပါးသောဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် သောင်ဖာ (Thong Fah)Blue Flag ဆိုင်များအားလည်း စားသုံးသူများအပေါ် အခွင့်အရေးယူ၍ ဈေးနှုန်းမြှင့်တင်ရောင်းချနေကြောင်းတွေ့ရှိပါက လုပ်ငန်းပါဝင်ဆောင်ရွက်ခွင့်ကို ပြန်လည် ရုတ်သိမ်းသွားမည် ဖြစ်ကြောင်းသိရှိရပါသည်။

ပြည်နယ်အသီးသီးရှိ အုပ်ချုပ်ရေးမှူးများအနေဖြင့် ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့များအား ပြည်နယ်ရှိမွေးမြူရေးအရာရှိများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ထမ်းအရာရှိများနှင့် ပူးပေါင်းဖွဲ့စည်း၍ကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ထောက်ပံ့ရေးပစ္စည်းများ၏ ဈေးနှုန်းများအား အနီးကပ်စစ်ဆေး ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် ယခုလအစောပိုင်းက မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဈေးနှုန်းမြှင့်တက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားရန် အဖွဲ့များဖွဲ့စည်းခဲ့ကြောင်းသိရှိရပါသည်။ ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အဆိုပါအဖွဲ့များအနေဖြင့် ဈေးနှုန်းကြီးမြင့်မှုအတွက် တိုင်ကြားမှုများကို ကိုင်တွယ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့အား စားသုံးသူများအပေါ် အခွင့်အရေးယူပြီး ဈေးနှုန်းမြှင့်တင်ရောင်းချသည့် ကုန်သည်များအား ဥပဒေအရအရေးယူဆောင်ရွက်သွားရန် လုပ်ပိုင်ခွင့်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က နိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ၁၉၉၉ ခုနှစ် ကုန်စည်နှင့်ဝန်ဆောင်မှုများအက်ဥပဒေအရ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သွားရန် လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။ Mr. Wattanasak Sur -iam ၏ အဆိုအရ တရုတ်နှစ်သစ်ကူးပွဲတော် ကာလအတွင်း အချို့သော ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် ယခုလအစောပိုင်းတွင် မွေးမြူရေးခြံများ၏ ခြံထွက်ဝက်သားဈေးနှုန်းအနေဖြင့် တစ်ကီလိုဂရမ်လျှင် (၁၁၀) ဘတ်မှ (၁၀၄) ဘတ်သို့ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ပွဲတော်ကာလအတွင်း စားသုံးသူများအနေဖြင့် ဘုရားကိုပူဇော်ရန်အတွက် လတ်ဆပ်သည့်စားသောက်ကုန်များကို ပိုမိုသုံးစွဲကြမည်ဖြစ်ပါသည်။ ဝယ်လိုအား တိုးတက်လာသော်လည်းများစွာသော ကုန်စည်များ၏ဈေးနှုန်းကို ထိန်းသိမ်းထားခဲ့ကြောင်းနှင့် ဈေးနှုန်းအနည်းငယ်သာမြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဝက်မွေးမြူသူများအသင်း၊ ဝက်သတ်ရုံများနှင့်တွေ့ဆုံ၍ မွေးမြူရေးခြံထွက် ဝက်သားဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင် (၁၀၀-၁၁၀) ဘတ်ဖြင့် ထိန်းသိမ်းထားရန် ဆွေးနွေးခဲ့ပြီးနောက် ဝက်သားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် လူအများ၏လူနေမှု ကုန်ကျစရိတ်ကို သင့်တော်သောအဆင့်တွင် ထိန်းသိမ်းထားပေးရန် ခေတ်မီကုန်တိုက်ကြီးများကိုလည်း ဝက်သားနီ (red pork) လက်လီဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင် (၂၀၅-၂၁၀) ဘတ်ဈေးနှုန်းဖြင့် ထိန်းသိမ်းထားပေးရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။

Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## ထိုင်းနိုင်ငံတွင် ပြည်ပဆန်တင်ပို့မှု (၁၅%) ခန့်တိုးတက်နိုင်ကြောင်းခန့်မှန်း

### THAI RICE EXPORTS BY TYPE, 2018 TO 2021



Unit: tonne

| Type of rice | 2018 | 2019 | 2020 | 2021 | % change 2020 to 21 |
|---|---|---|---|---|---|
| White rice | 5,927,940 | 3,213,371 | 1,984,107 | 2,358,121 | 18.9 |
| Thai hom mali rice | 1,665,658 | 1,410,833 | 1,447,870 | 1,422,926 | -1.7 |
| Thai aromatic rice | 451,162 | 513,371 | 574,195 | 550,574 | -4.1 |
| Parboiled rice | 2,801,538 | 2,230,666 | 1,451,285 | 1,474,847 | 1.6 |
| Glutinous rice | 385,878 | 215,420 | 276,567 | 310,878 | 12.4 |
| Total | 11,232,176 | 7,583,662 | 5,734,024 | 6,117,346 | 6.68 |
| Value (million baht) | 182,082 | 130,585 | 116,043 | 107,757 | -7.14 |



### TOP 5 THAI RICE IMPORTERS, 2018 TO 2021

| Country | 2018 | 2019 | 2020 | 2021 | % change 2020 to 21 |
|---|---|---|---|---|---|
| South Africa | 778,980 | 726,662 | 672,777 | 772,974 | 14.9 |
| China | 1,004,042 | 471,339 | 381,363 | 632,756 | 65.9 |
| USA | 505,885 | 559,938 | 672,183 | 573,786 | -14.6 |
| Benin | 1,697,930 | 1,066,581 | 484,290 | 374,910 | -22.6 |
| Japan | 222,511 | 266,601 | 257,677 | 292,442 | 13.5 |

Source: Thai Rice Exporters Association

BANGKOK POST GRAPHICS

စိုက်ပျိုးရေ လုံလောက်စွာရရှိမှုကြောင့် ယခုနှစ်တွင် ပြည်ပဆန်တင်ပို့မှုအနေဖြင့် (၁၄.၈%) ခန့် တိုးတက်လာပြီး

တန်ချိန်(၇)သန်းခန့်တင်ပို့နိုင်မည်ဟု ပြည်ပဆန်တင်ပို့သူများ ကခန့်မှန်းထားကြောင်း သိရှိရပါသည်။ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကြောင့် ဝယ်လိုအားမြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း၊ ကောင်းမွန်သည့် နိုင်ငံခြားငွေလဲနှုန်းက ထိုင်းဆန်ကို ယှဉ်ပြိုင်စွမ်းအားရှိစေသင့်ကြောင်း ထိုင်းပြည်ပဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Charoen Laothammatas က ပြောကြားကြောင်း သိရှိရပါသည်။ ၂၀၂၁-၂၀၂၂ သီးနှံရာသီအတွက် အသင်းအနေဖြင့် စပါးထုတ်လုပ်မှုတန်ချိန် (၃၀-၃၂) သန်းခန့်အထိ တိုးတက်နိုင်ကြောင်းနှင့် ကြိတ်ခွဲပြီး ဆန်တန်ချိန်(၂၀)သန်းအထိ တိုးတက်လာနိုင်သည်ဟု မျှော်မှန်းထားကြောင်း၊ ၎င်းမှာ ၂၀၂၀-၂၀၂၁ သီးနှံရာသီတွင်ရှိခဲ့သည့် စပါးတန်ချိန် (၂၇-၂၈) သန်းနှင့် ကြိတ်ခွဲပြီး ဆန်တန်ချိန် (၁၇) သန်းတို့ထက် ပိုမိုတိုးမြင့်နိုင်ကြောင်း ခန့်မှန်းထားခြင်းဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် လွန်ခဲ့သည့်(၂)နှစ်ခန့်ကကဲ့သို့ တစ်နိုင်ငံလုံးမိုးခေါင်မှုမဖြစ်နိုင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ လုံလောက်သောရေပေးဝေမှုကြောင့် ဒုတိယသီးနှံထုတ်လုပ်မှု တိုးတက်လာရန် မျှော်လင့်ကြောင်း Mr. Charoen ကဆက်လက်၍ ပြောကြားခဲ့ပါသည်။

ကွန်တိန်နာ မလုံလောက်မှုနှင့် ကုန်စည်ပို့ဆောင်ခနှုန်းထားမြင့်မားမှုတို့က ပြည်ပဆန်တင်ပို့မှုအတွက် အဓိကအန္တရာယ်ရှိသည့်အချက်များအဖြစ် ဆက်လက်ရှိနေကြောင်း ၎င်းကဆိုပါသည်။ အသင်းအနေဖြင့် ဇန်နဝါရီလတွင် ဆန်တန်ချိန် (၇၀၀,၀၀၀)တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ၎င်းမှာ ဒီဇင်ဘာလတွင်တင်ပို့ခဲ့သည့် ဘတ်ငွေ (၁၂.၅) ဘီလီယံတန်ဖိုးရှိသည့် ဆန်တန်ချိန် (၇၂၉,၁၃၈) ထက် အနည်းငယ်ကျဆင်းသွားနိုင်ကြောင်း Mr. Charoen က ဆိုပါသည်။ အသင်း၏အဆိုအရ ဒီဇင်ဘာလတွင် ဆန်ဖြူနှင့် ပေါင်းဆန်ပြည်ပတင်ပို့မှုသည် ယခင်လကထက် အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ဆန်တင်သွင်းသည့်နိုင်ငံများအနေဖြင့် နိုဝင်ဘာလတွင် ဆန်များစွာတင်သွင်းခဲ့ကြပြီး ဆန်လက်ကျန်များလုံလောက်မှုရှိနေ၍ဖြစ်ကြောင်း သိရှိရပါသည်။ နှစ်သစ်ကူးနှင့်တရုတ်နှစ်သစ်ကူးပွဲတော်များတွင် အသုံးပြုရန်အတွက် အဓိကဆန်တင်သွင်းသူများအနေဖြင့် ဆန်တင်သွင်းမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ကြသဖြင့် ထိုင်းဟုမ်းမလိဆန် တင်ပို့မှုမှာ နိုဝင်ဘာလတွင် နှစ်အလိုက်၌ (၃၁.၃%) တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။ အသင်းအနေဖြင့် ယခုကာလတွင် ဆန်ပေးသွင်းသူများအနေဖြင့် တင်းကြပ်လာခြင်းကြောင့် ဆန်ဈေးနှုန်းများအနေဖြင့် တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ဘတ်ငွေတန်ဖိုးအားကောင်းခြင်းကြောင့် ထိုင်းဆန်ပြည်ပတင်ပို့မှုဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ ဇန်နဝါရီလ (၂၆) ရက်နေ့အထိ ထိုင်း 5 % ဆန်ဖြူ၏ FOB ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၃၈) ဖြစ်ကြောင်း၊ ဗီယက်နမ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၉၈-၄၀၂) နှင့် အိန္ဒိယဆန်မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၃၃၈-၃၄၂)၊ ပါကစ္စတန်ဆန်မှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ (၃၅၈-၃၆၂) တို့ဖြစ်ကြောင်း သိရှိရပါသည်။ ပေါင်းဆန်ဈေးနှုန်းမှာလည်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၄၃၈)အထိ မြင့်တက်ခဲ့ကြောင်း၊ အိန္ဒိယဆန်မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၆၈-၃၇၂)၊ ပါကစ္စတန်ဆန်မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၈၈-၃၉၂) တို့ဖြစ်ကြောင်း သိရှိရပါသည်။

အသင်း၏အစီရင်ခံစာအရ ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ပြည်ပသို့ဆန်တန်ချိန် (၆.၁၁) သန်းတင်ပို့ခဲ့ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကရှိခဲ့သောတန်ချိန်(၅.၇၃)သန်းထက်(၆.၆၈%) တိုးမြင့်ခဲ့ခြင်းဖြစ်ကြောင်း ၊ ပြည်ပတင်ပို့မှု တန်ဖိုးအနေဖြင့် ဘတ်ငွေ (၁၀၈) ဘီလီယံဖြစ်ကြောင်း ၊ ၎င်းမှာ ယခင်နှစ်က ရရှိခဲ့သောဘတ်ငွေ(၁၁၆)ဘီလီယံထက် (၇.၁၄%) ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဆန်ဖြူတင်ပို့မှုမှာ တန်ချိန် (၂.၃၅) သန်း (+၁၈.၉%) ဖြစ်ကြောင်း၊ ထိုင်းဟုမ်းမလိဆန်တင်ပို့မှုမှာတန်ချိန်(၁.၄)သန်း(-၁.၇%)၊ ပေါင်းဆန်တင်ပို့မှုမှာ တန်ချိန်(၁.၄)သန်း (+၁.၆%)၊ အာရိုမက်တစ်ဆန်(Aromatic RICE) ဆန်တင်ပို့မှုမှာတန်ချိန်(၅၅၀,၅၇၄)(-၄.၁%)၊ ကောက်ညှင်းဆန်တင်ပို့မှုမှာတန်ချိန် (၃၁၀,၈၇၈) (+၁၂.၄%) တို့ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## စီးပွားရေးပြန်လည်ဦးမော့လာသည့်အတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကုန်သွယ်ရေးလိုငွေပြမှု စံချိန်တင်မြင့်တက်ခဲ့သည့် အမေရိကန်နိုင်ငံ

အမေရိကန်နိုင်ငံတွင် နိုင်ငံရပ်ခြားမှ တင်သွင်းသည့်ကုန်စည်များ ဝယ်ယူသုံးစွဲမှု ဆက်လက်မြင့်တက်ခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် စံချိန်တင်မြင့်မားခဲ့ကြောင်း၊ ပို့ကုန်နှင့်သွင်းကုန်အကြား ကွာဟချက်သည် အမေရိကန်ဒေါ်လာ ၈၀.၇ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁.၈ ရာခိုင်နှုန်း ကွာဟခဲ့ကြောင်း၊ ယင်းသည် စက်တင်ဘာလ ကုန်သွယ်ရေး လိုငွေပြမှု အမေရိကန်ဒေါ်လာ ၈၀.၈ ဘီလီယံ အောက် အနည်းငယ်သာ လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ တစ်နှစ်ပတ်လုံး ကုန်သွယ်ရေးလိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၈၅၉.၁ ဘီလီယံထိ ရှိခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့သည့် ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၇၆၃.၅၃ ဘီလီယံ

ထက်ပိုများခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၇ ရာခိုင်နှုန်း များပြားခဲ့သည်ဟု ကူးသန်းရောင်းဝယ်ရေးဌာနက ၈-၂-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း ၈-၂-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။ ကုန်သွယ်ရေးလိုငွေပြမှုသိသိသာသာမြင့်တက်လာခဲ့ခြင်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကပ်ရောဂါကြောင့် ကျဆင်းခဲ့သည့် အမေရိကန်နိုင်ငံ၏ စီးပွားရေးပြန်လာဦးမော့လာသည့်အတွက် ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသားများအနေနှင့် ပြည်ပမှ တင်သွင်းသည့် ကွန်ပျူတာများ၊ ဂိမ်းစက်များနှင့် ပရိဘောဂများအပေါ် ဝယ်ယူ၊ သုံးစွဲမှုများပြားခဲ့ကြောင်း၊ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများကျဆင်းခဲ့စဉ် အစိုးရ၏ ကိုဗစ်အထောက်အပံ့များဖြင့် သွင်းကုန်ပစ္စည်းများအပေါ် ဝယ်ယူသုံးစွဲမှု များပြားခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများမှ မတည်ကုန်စည်များနှင့် စွမ်းအင်ဈေးနှုန်းများနှင့် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းသည်လည်း သွင်းကုန်တန်ဖိုးကို ပိုမိုမြင့်တက်စေခဲ့ကြောင်း ဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် ၅.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နှစ်စဉ်ပျှမ်းမျှတိုးတက်မှုနှုန်း ၅ ရာခိုင်နှုန်းထက် ပိုမိုခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် သွင်းကုန် အမေရိကန်ဒေါ်လာ ၃၀၈.၉ ဘီလီယံထိ၊ ၁.၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပို့ကုန်အမေရိကန်ဒေါ်လာ ၂၂၈.၁ ဘီလီယံထိ၊ ၁.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဒီဇင်ဘာလအတွင်း ပို့ကုန်ရောသွင်းကုန်ပါ မြင့်တက်ခဲ့ခြင်းသည် ကမ္ဘာ့ရောင်းလိုအားကွင်းဆက်အခက်အခဲများ လျော့နည်းလာခြင်းကို ပြသခြင်းဖြစ်သည်ဟု အကြီးတမ်း စီးပွားရေးသုတေသီ Mr.Andrew Hunter ကပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/economic-recovery-pushes-2021-u-s-trade-deficit-to-record-level-11644328979 (စီးပွားရေးသံမှူး- အမေရိကန်)

## တရုတ်နိုင်ငံကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၀၃၅ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးကွန်ရက်များကို အဆင့်မြှင့်တင်ဆောင်ရွက်မည်

၂၀၃၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်သယ်ယူပို့ဆောင်ရေးပုံစံတစ်ရပ်အဖြစ် အဆင့်မြှင့်တင်သွားရန် ဘက်စုံသုံးဦး သုံးဖလှယ်သယ်ယူပို့ဆောင်ရေး ကွန်ရက်တစ်ခုအား ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ဆောင်ရွက်သွားမည်ဟု သိရပါသည်။ အဆိုပါ အဆိုပြုချက်ကို (၁၅) နှစ်မြောက် သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးမှုစီမံကိန်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်ကာ၊ နန်နင်းမြို့မှာ ၎င်းသယ်ယူပို့ဆောင်ရေးကွန်ရက်၏ အချက်အချာအဖြစ် တည်ရှိမည်ဖြစ်ပါသည်။ နန်နင်းမြို့နှင့် ကွမ်ရှီးဒေသအတွင်းရှိ အခြားမြို့များသို့ ခရီးသွားလာရာတွင် ကြာမြင့်ချိန်ကို (၂) နာရီအတွင်းသာရှိစေရန် လျှော့ချပေးသွားမည် ဖြစ်ပါသည်။ ကွမ်ရှီးအတွင်းရှိ မြို့များ၏ အချက်အချာနေရာများသို့ သွားရောက်ချိန်ကို (၄၅) မိနစ်ခန့်သာ ကြာမြင့်စေ၍၊ ပေပုပင်လယ်ကွေ့မြို့တော်များအကြား ခရီးသွားလာရာတွင် ကြာမြင့်ချိန်ကို တစ်နာရီဝန်းကျင် လျှော့ချပေးသွားမည်ဖြစ်ပါသည်။ ကွမ်ရှီးမှ ကုန်ပစ္စည်းများကို တရုတ်နိုင်ငံကို တစ်ရက်အတွင်း၊ အာဆီယံနိုင်ငံများသို့ နှစ်ရက်အတွင်းနှင့် ကမ္ဘာတစ်ဝှမ်းမှ အဓိကမြို့ကြီးများသို့ သုံးရက်အတွင်း ရောက်ရှိနိုင်ရန် ထိရောက်သည့် ကုန်သေတ္တာသယ်ယူပို့ဆောင်ရေး အဝန်းအဝိုင်းကို ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်း ဗဟိုချက်နေရာအတွက် အစုအဖွဲ့များ၊ ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခေတ်မီလေဆိပ်အစုအဖွဲ့၊ ဒေသတွင်းလွှမ်းမိုးနိုင်စွမ်းကြီးမားသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအချက်အချာနေရာနှင့် တစ်ကမ္ဘာလုံးသို့ ဆွဲဆောင်နိုင်မည့် ရေကြောင်းအစုအဖွဲ့ အသီးသီးကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ ၂၀၃၅ ခုနှစ်တွင် ကွမ်ရှီးရှိနယ်စပ်စစ်ဆေးရေးစခန်းများအားလုံးကို အဝေးပြေးလမ်းများနှင့် ချိတ်ဆက်သွားမည်ဖြစ်ကာ၊ ပင်လယ်ဆိပ်ကမ်းများကိုလည်း ရထားလမ်းများနှင့် ဆက်သွယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn (စီးပွားရေးသံမှူး-နန်နင်း)

## ပိုမိုနီးကပ်သည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရန် တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ သဘောတူညီခဲ့

တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့သည် ပေကျင်း ၂၀၂၂ ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားမတိုင်မီ တွေ့ဆုံ၍ ချစ်ကြည်ရင်းနှီးမှုဖြင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာပြုလုပ်သွားကြရန် သဘောတူညီခဲ့ကြပါသည်။ ၂၀၁၄ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ဆိုချီဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ၌ နောက် (၈) နှစ်ကြာမြင့်လျှင် ပေကျင်း၌ဆုံတွေ့ရန် သဘောတူညီခဲ့ကြပြီး၊ ယခုကဲ့သို့ ပြန်လည်ဆုံတွေ့သည့်အခါ တရုတ်နှင့် ရုရှားဆက်ဆံရေး ပိုမိုအစွန့်ရှည်စေရန် ဆွေးနွေးခဲ့ကြသည်ဟု သိရပါသည်။ ယနေ့ကမ္ဘာပေါ်တွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း တရုတ်နှင့် ရုရှားနိုင်ငံတို့၏ဆက်ဆံရေးမှာ တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်နေ

ကြောင်း၊ နိုင်ငံကိုယ်စီ၏ အဓိကအကျိုးစီးပွားများကို ထိန်းသိမ်းလျက် အချင်းချင်းအပြန်အလှန် ခိုင်ခိုင်မာမာပံ့ပိုးကူညီပေးနေကာ နိုင်ငံရေးနှင့် မဟာဗျူဟာမြောက် အပြန်အလှန်ယုံကြည်မှုကို တိုးမြှင့်နေရာ နှစ်နိုင်ငံဆက်ဆံရေးတွင် မြင့်မားသော အနေအထားသစ်တစ်ရပ်ကို ဆောင်ကြဉ်းလာကြောင်း တရုတ်သမ္မတက ပြောကြားခဲ့ပါသည်။

ထို့ပြင် နှစ်နိုင်ငံမှာ ကမ္ဘာလုံးဆိုင်ရာ အစိုးရစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေပြီး၊ စစ်မှန်သည့် နိုင်ငံစုံစနစ်ကို ကျင့်သုံးလျက်၊ စစ်မှန်သည့် ဒီမိုကရေစီစိတ်ဓာတ်များကို လက်ကိုင်ပြု၍၊ လက်ရှိကြုံတွေ့ နေရသော အခက်အခဲများကို ကျော်လွှားရန်နှင့် အပြည်ပြည်ဆိုင်ရာ တရားမျှတမှု အခန်းကဏ္ဍကို အရေးပါလာစေရန် ဆောင်ရွက်နေကြောင်း၊ သမိုင်းတွင်မည့် အခြေအနေအသစ်များအောက်တွင် နှစ်နိုင်ငံဆက်ဆံရေးအတွက် လမ်းညွှန်ပေး၍ အနာဂတ်ပုံဖော်မှုကို ရုရှားသမ္မတနှင့်အတူ ဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း၊ နှစ်နိုင်ငံမှ ပြည်သူများထံသို့ အကျိုးစီးပွားအစစ်အမှန်များ သယ်ဆောင်လာရန် နယ်ပယ်အားလုံးတို့တွင် ပူးပေါင်းဆောင်ရွက်မှုရလဒ်များ ရရှိနိုင်ရေးအတွက် တရုတ်နှင့် ရုရှားတို့အကြား အဆင့်မြင့်သည့် အပြန်အလှန်ယုံကြည်မှု အသွင်ကူးပြောင်းဆောင်ရွက်မှုကို ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်သွားရန် ရုရှားသမ္မတနှင့်အတူ လက်တွဲဆောင်ရွက်သွားလိုသည့် စိတ်ဆန္ဒထက်သန်ကြောင်း တရုတ်သမ္မတက ပြောကြားခဲ့ပါသည်။ အဆင့်မြင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းရန်၊ အချုပ်အခြာအာဏာတည်တံ့ရေး၊ လုံခြုံရေးနှင့် အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အချင်းချင်းအပြန်အလှန် ခိုင်မာစွာပံ့ပိုးကူညီရန်၊ ပြင်ပမှ စွက်ဖက်မှုများနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ထိရောက်စွာတုံ့ပြန်ရန်နှင့် အပြည်ပြည်ဆိုင်ရာ မဟာဗျူဟာမြောက် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်တို့ကိုလည်း တရုတ်သမ္မတက တောင်းဆိုခဲ့ပါသည်။

တရုတ်နှင့် ရုရှားနှစ်နိုင်ငံတို့သည်COVID–19 ကပ်ရောဂါခုခံကာကွယ်တိုက်ဖျက်ရေး၊ စီးပွားရေးမြှင့်တင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုများကို ကိုင်တွယ်ဖြေရှင်းရေးကဲ့သို့ ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို အဓိကတာဝန်ခံဖြေရှင်းသည့်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အရှိန်မြှင့်တင်သင့်ကြောင်း၊ တရုတ်–ရုရှား ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးအရည်အသွေးမြင့်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းပြမြေပုံကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီသည့် ကုန်သွယ်ရေး၊ ဆေးဝါးနှင့် ကျန်းမာရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးကဲ့သို့ နယ်ပယ်များတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ဆက်သွယ်မှုများမြှင့်တင်ရေး၊ ဥရောပတိုက်မှ ကုန်စည်သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့မှုကို ဆက်လက်ထိန်းသိမ်းထားရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စက်မှုကုန်ထုတ်လုပ်မှုနှင့် ကုန်စည်ပံ့ပိုးမှုကွင်းဆက်များ တည်ငြိမ်စေရေးတို့ကို တောင်းဆိုလိုကြောင်း တရုတ်သမ္မတက ပြောကြားခဲ့ပါသည်။ တရုတ်နှင့်ရုရှားနိုင်ငံတို့သည် စွမ်းအင်ကဏ္ဍတွင် မဟာဗျူဟာမြောက်မိတ်ဖက်ပြု ဆောင်ရွက်မှုကို အားကောင်းခိုင်မာစေလျက်၊ အဓိက ရေနံနှင့် သဘာဝဓာတ်ငွေ့ပူးပေါင်း ဆောင်ရွက်ရေးစီမံကိန်းများကို တည်ငြိမ်စွာ ရှေ့ဆက်ဆောင်ရွက်ရေး၊ အဓိကစွမ်းအင်နည်းပညာများတွင် ပူးတွဲတီထွင်ဆန်းသစ်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ စွမ်းအင်အသစ် ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်ရေး၊ စွမ်းအင်စိတ်ချလုံခြုံရေးအတွက် အချင်းချင်း ပံ့ပိုးကူညီဆောင်ရွက်ရေး၊ ကမ္ဘာလုံးဆိုင်ရာစွမ်းအင်စီမံခန့်ခွဲမှုစနစ် တိုးတက်စေရေး၊ ဉာဏ်ရည်တု (artificial intelligence)၊ Internet of Things နှင့် အပြည်ပြည်ဆိုင်ရာလ ကမ္ဘာသုတေသနစင်တာ စီမံကိန်းကဲ့သို့ ရှေ့တန်းရောက်သည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သင့်ကြောင်း တရုတ်သမ္မတက တောင်းဆိုထားပါသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ဘဏ္ဍာရေးမူဝါဒများအပေါ် ပိုမိုနက်ရှိုင်းစွာ ဆက်သွယ်သင့်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအပေါ် နှစ်နိုင်ငံ၏ စွမ်းဆောင်ရည်များကို အားကောင်းခိုင်မာစေသင့်ကြောင်းနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၊ ဥရောပနှင့် အာရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union)တို့အကြား ပိုမိုဟန်ချက်ညီစေရန် ရှာဖွေသင့်ကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား မိရိုးဖလာ ချစ်ကြည်ရင်းနှီးမှုများကို နက်ရှိုင်းစေရန် အားကစားဖလှယ်ပွဲများ တရားဝင်စတင်ကျင်းပမည်ကို ရုရှားသမ္မတနှင့် ပူးတွဲကြေညာရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း တရုတ်သမ္မတက အကြံပြုပြောကြားထားပါသည်။ တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (Shanghai Cooperation Organization – SCO)၏ ဖွံ့ဖြိုးတိုးတက်မှုများကို ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ ပိုမိုကောင်းမွန်သည့် လုံခြုံရေးနှင့် ဘုံအကျိုးစီးပွားများနှင့် မှန်ကန်သည့် လမ်းကြောင်းတွင် ဆက်လက်သွားနိုင်ရန် ဆောင်ရွက်နေသည်ဟူသည့် မဟာဗျူဟာမြောက် ရေရှည်ရှုထောင့်မှ ရှုမြင်သင့်ကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း(၂၀)အတွင်း SCO ၏ ထူးခြားသည့် ဖွံ့ဖြိုးတိုးတက်မှုများမှာ

နိုင်ငံတကာအသိုက်အဝန်းတွင် အရေးပါသော အပြုသဘော ဆောင်သည့် အင်အားတစ်ရပ်ဖြစ်လာကြောင်း၊ BRICS ပူး ပေါင်းဆောင်ရွက်မှုယန္တရားကို အထောက်အကူဖြစ်စေရန် တရုတ်နိုင်ငံက ရုရှားနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် BRICS (၅) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်လျက် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ပိုမို၍ ပါဝင်ဖြည့်ဆည်း နိုင်မည်ဖြစ်ကြောင်း တရုတ်သမ္မတက ပြောကြားထားပါသည်။

ရုရှားသမ္မတက ဆွေးနွေးရာတွင် ယခုကဲ့သို့ပေကျင်း ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခြင်းခံရ သည်မှာ နှစ်နိုင်ငံခေါင်းဆောင်များအကြား နီးကပ်သည့် ချစ် ကြည်ရင်းနှီးမှုအစဉ်အလာကို ကောင်းမွန်စွာထိန်းသိမ်းထား နိုင်သည့် လက္ခဏာရပ်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း နှစ်နိုင်ငံကုန်သွယ်ရေးမှာ တည်ငြိမ် စွာတိုးတက်လျက်ရှိပြီး၊ နိုင်ငံတကာရေးရာများတွင် နီးကပ် စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်- ရုရှားဆက် ဆံရေးမှာ (၂၁) ရာစု နိုင်ငံတကာဆက်ဆံရေး၏ စံနမူနာ တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ရန် ရုရှားနိုင်ငံက ဆန္ဒရှိကြောင်း၊ အချုပ်အခြာ အာဏာနှင့် နယ်နိမိတ်ကို စိတ်ချလုံခြုံစေရေး အချင်းချင်း ခိုင်မာစွာပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အဓိကပူးပေါင်းဆောင်ရွက်သည့်အခန်းကဏ္ဍ၊ အပြည်ပြည် ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ တရားမျှတမှုများကိုလည်း ခိုင်မာစွာ ထောက်ခံအားပေးကြောင်း၊ ပိုမို၍ တရားမျှတပြီး ကျိုးကြောင်းဆီလျော်သည့် အပြည်ပြည်ဆိုင်ရာပြဌာန်းချက် တည်ဆောက်ရေး မြင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြော ကြားခဲ့ပါသည်။ ထို့ပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာ၊ ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေးအပါ အဝင် ကဏ္ဍအမျိုးမျိုးတွင် တရုတ်နိုင်ငံနှင့် နက်ရှိုင်းစွာပူးပေါင်း ဆောင်ရွက်ရန်နှင့် အားကစားဖလှယ်ရေး နှစ်များကိုလည်း ပူး တွဲကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၎င်းနောက် တရုတ်နှင့် ရုရှားတို့က နိုင်ငံအားလုံးတို့ အပေါ် ဆွေးနွေးမှုများ အားကောင်းခိုင်မာစေရန်၊ အပြန်အ လှန်ယုံကြည်မှုတိုးမြှင့်ရန်၊ဘုံသဘောတူညီချက် တည်ဆောက် ရန်၊ လူသားမျိုးနွယ်အားလုံးတို့အတွက် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုး မှု၊ မျှတရေး၊ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့် ဘုံတန်ဖိုးများ ရရှိ စေရေးတို့အတွက် တောင်းဆိုထားသည့် ပူးတွဲကြေညာစာ တမ်းကို ထုတ်ပြန်ခဲ့ပါသည်။ ကြေညာစာတမ်းတွင် ပြည်သူ များက ၎င်းတို့၏ ဖွံ့ဖြိုးမှုလမ်းကြောင်းများကို လွတ်လပ်စွာ ရွေးချယ်ခွင့်၊ နိုင်ငံအားလုံးတို့၏ အချုပ်အခြာအာဏာ၊ လုံခြုံ ရေးနှင့် အကျိုးစီးပွားဖွံ့ဖြိုးမှုများအတွက် လေးစားမှုများကို လည်း ထည့်သွင်းတောင်းဆိုထားပါသည်။ နိုင်ငံတကာဥပဒေ အပေါ်အခြေခံသည့် ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ စနစ်ကို ကာကွယ်ရန်၊ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတို့က အဓိကပူးပေါင်းဆောင်ရွက်ပေးသော စစ်မှန် သည့်နိုင်ငံစုံစနစ်ကို လက်တွေ့ကျင့်သုံးရန်၊ အပြည်ပြည်ဆိုင် ရာဆက်ဆံရေးတွင် ဒီမိုကရေစီစနစ် ကျင့်သုံးရေးမြှင့်တင် ဆောင်ရွက်ရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးရရှိရန်၊ တည်ငြိမ်မှုရှိစေ ရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်တို့ကိုလည်း နှစ်နိုင်ငံက တောင်းဆိုခဲ့ကြပါသည်။ အဓိကနယ်ပယ်များတွင် ပူးပေါင်း ဆောင်ရွက်မည့်သဘောတူညီချက်များကိုလည်း နှစ်နိုင်ငံအ ကြား လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua (စီးပွားရေးသံမှူး-နန်နင်း)

## တရုတ်နှစ်ကူးပြီးနောက် ပဲပုပ်ဆီနှင့် ပဲပုတ်တိရစ္ဆာန်အစာ ကြိုရောင်းကြိုဝယ်ဈေး သိသိသာသာမြင့်တက်လာ

တရုတ်နှစ်ကူးကာလပြီးနောက် ပဲပုပ်ဆီနှင့် ပဲပုပ် တိရစ္ဆာန်အစာ ကြိုရောင်းကြိုဝယ်ဈေးနှုန်းများ သိသာစွာမြင့် တက်လာကြောင်းသိရပါသည်။ ပဲပုတ်တိရစ္ဆာန်အစာ လက်ငင်း အရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် (၄,၀၀၈) ယွမ်ဖြစ် ပြီး၊ ဈေးကွက် ပြန်လည်ဖွင့်လှစ်သည့် တစ်ရက်တည်းမှာပင် (၁၁.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ၎င်းနေ့တွင် ပဲပုပ်ဆီကြို ရောင်းကြိုဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် (၁၀,၀၄၂) ယွမ်ဖြစ်ပြီး၊ တစ်တန်လျှင် (၃၅၀) ယွမ် မြင့်တက်လာပါသည်။ စားအုန်း ဆီ ကြိုရောင်းကြိုဝယ် ဈေးနှုန်းမှာ တစ်တန်လျှင် (၁၀,၁၆၂) ယွမ်ဖြစ်ပြီး တစ်တန်လျှင်(၃၀၄)ယွမ် မြင့်တက်လာပါသည်။ တရုတ်နှစ်ကူးကာလအတွင်း မလေးရှားစားအုန်းဆီဈေးနှုန်း မှာ အားကောင်းနေဆဲဖြစ်ပြီး (၂) ရာခိုင်နှုန်းခန့် ဈေးနှုန်း တက်လာပါသည်။ ပဲပုပ်တိရစ္ဆာန်အစာမှာ (၉) ရာခိုင်နှုန်းခန့် မြင့်တက်လာပါသည်။ လက်ရှိအချိန်တွင် ဈေးနှုန်းများ အလွန် လျင်မြန်စွာ မြင့်တက်နေရာ၊ နောက်ပိုင်း၌ ပြန်လည်ကျဆင်း နိုင်မည်ဟုလည်း ခန့်မှန်းနေကြပါသည်။

ရင်းမြစ်၊ SunSirs (စီးပွားရေးသံမှူး-နန်နင်း)

## ဂျာမနီနိုင်ငံတွင် Commodity Association of Hamburg Stock Exchange နှင့် တွေ့ဆုံဆွေးနွေး

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ Federation of German Whole sale, Foreign trade and Services (BGA) ၏ မိတ် ဆက်ပေးမှုအရ ဟမ်းဘတ်မြို့အခြေစိုက် Commodity As-

sociation of Hamburg Stock Exchange (Waren-Verein der Hamburger Börse e.V) မှ မန်နေးဂျင်းဒါရိုက်တာ Ms. Jeanette Gonnermann နှင့် ၇.၂.၂၀၂၂ ရက်နေ့တွင် Zoom အွန်လိုင်းအစည်း အဝေးပြုလုပ်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ Waren-Verein မှ Food Law Specialist ဖြစ်သူ Ms.Ute Thote လည်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။ စီးပွားရေးသံမှူးက Waren-Verein ၏ ဝက်ဘ်ဆိုက်အချက်အလက်များကို လေ့လာမှုများအရ အဓိကထားဆောင်ရွက်နေသော ကုန်ပစ္စည်းအမယ်များဖြစ်သည့် အေးခဲနှင့်အခြောက်ခံ သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆံများ၊ ရေထွက်ကုန်များ၊ အော်ဂဲနစ်ထုတ်ကုန်များ စသည်တို့သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသော အမယ်များတွင် ပါဝင်ကြောင်း၊ ဟမ်းဘတ်မြို့ရှိ ဂျာမန်ကုမ္ပဏီအချို့နှင့် ချိတ်ဆက်မှုရှိထားကြောင်း၊ အီးယူ ဈေးကွက်ရရှိရေးကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ ဖြစ်နိုင်မည်ဆိုပါက မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် Waren-Verein အကြား တွေ့ဆုံဆွေးနွေး၍ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ နှစ်ဘက်သဘောတူညီချက်တစ်ခုရယူနိုင်ပြီး Win- Win Situation ဖြစ်နိုင်မည့်ပုံစံမျိုး စတင်ဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြီး နှစ်နိုင်ငံလက်ရှိကုန်သွယ်မှုအခြေအနေနှင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များအကြောင်းကို Presentation အကျဉ်းချုပ် ပြုလုပ်ရှင်းလင်းပါသည်။ Ms.Jeanette Gonnermann က Waren-Verein သည် ဦးတည်ဆောင်ရွက်သည့် ကဏ္ဍများဆိုင်ရာသတင်းအချက်အလက်များကို အဖွဲ့ဝင်များအတွက် ပံ့ပိုးပေးပို့ခြင်း၊ အစိုးရမူဝါဒချမှတ်မှုများကို အတည်မပြုမီမူကြမ်းအဆင့်တွင် အကြံပြုသုံးသပ်ချက်ပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်များ၊ရောင်းသူ ဝယ်သူများအကြားအငြင်းပွားမှုများဖြစ်ပေါ်လာပါက ခုံရုံးအဖွဲ့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊အီးယူဒေသတွင်းဥပဒေစည်းမျဉ်းအသစ်ရေးဆွဲပြဌာန်းမှုများသိရှိစေရန် အကြောင်းကြားခြင်း၊ ထုတ်ကုန်အမယ်အလိုက် ဈေးကွက်ဝင်ရောက်ရန် လိုအပ်ချက်များအတွက် အီးယူကော်မရှင်၏ ထုတ်ပြန် ကြေငြာချက်များ ဖြန့်ဝေပေးခြင်း၊ ထုတ်ကုန်အရည်အသွေးပိုင်း လိုအပ်ချက်များ လုံခြုံစိတ်ချမှုပိုင်းများအတွက် အကြံပြုချက်များ သင်တန်းနှင့် ဆွေးနွေးပွဲများ ပံ့ပိုးပြုလုပ်ပေးခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျှက်ရှိကြောင်း၊ မြန်မာ့စိုက်ပျိုးရေးနှင့် စားသောက်ကုန်များအကြောင်း လေ့လာသိရှိရပါကြောင်း၊ မိမိတို့ အသင်းမှ ပံ့ပိုးဆောင်ရွက်နေသည့်အမယ်များနှင့် ကိုက်ညီသည့် သရက်သီးအနှစ်နှင့် သရက်သီးခြောက်၊ အေးခဲနှင့် အခြောက်ခံ သစ်သီးဝလံဟင်းသီးဟင်းရွက်များ၊ ပျားရည်၊ သီဟိုစေ့၊ မက်ကဒေးမီးယားတို့မှာစိတ်ဝင်စားဖွယ်ဖြစ်ကြောင်း၊ ထုတ်ကုန်များအကြောင်း အီးမေးဖြင့်ထပ်မံပေးပို့ပေးစေလိုပါကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ဆက်သွယ်မှုအတွက် နှစ်ဦးနှစ်ဘက်အကြား letter of content ပုံစံဖြင့် သဘောတူညီမှုရယူဆောင်ရွက်ကြသည်မျိုးရှိကြောင်း ဆွေးနွေးပါသည်။

ဆက်လက်၍ အသင်းအနေဖြင့် အဖွဲ့ဝင်ပေါင်း (၁၃၇) ဦးရှိပြီး ပုံမှန်အဖွဲ့ဝင်ကုမ္ပဏီများနှင့် Law Firm, Consultancy service, Lab, Embassy စသည့် ပြင်ပအဖွဲ့အစည်းများပါဝင်သည့် တွဲဘက်အဖွဲ့ဝင်ဟူ၍ အမျိုးအစား(၂)မျိုး ရှိကြောင်း၊ ဥပမာ- အာဂျင်တီးနားက Ambassador for nuts ခန့်အပ်၍အဖွဲ့ဝင်ကြေးပေးသွင်းဆောင်ရွက်ခြင်းမျိုးရှိကြောင်း ၊မြန်မာသံရုံးအနေနှင့် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ကမ်းလှမ်းလိုပါကြောင်း၊ နှစ်စဉ်ကြေး ယူရို(၁၀၀၀)သာ ကျသင့်ပါကြောင်း၊ မိမိတို့ အဖွဲ့ဝင်များသည် နိုင်ငံသစ်များမှ ထုတ်ကုန်သစ်များကို ရှာဖွေမျှော်လင့်နေကြပြီး တစ်ဖက်တွင်လည်း ဈေးကွက်ဝင်ရောက်နိုင်ရန် သတ်မှတ်ချက်များ ကိုက်ညီရန်လိုအပ်ကြောင်း၊ မြန်မာထုတ်ကုန်များအတွက် ဈေးကွက်ဆိုင်ရာထိရောက်သည့် သတင်းအချက်အလက်များ အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်ကြောင်း၊ Waren-Verein က အဖွဲ့ဝင်များအတွက် ကုန်ပစ္စည်းအမယ်လိုက် ပို့ကုန်သွင်းကုန်ကုန်သွယ်မှု အသေးစိတ်အချက်အလက်များ၊ sector working group များအလိုက် အချက်အလက်များပံ့ပိုးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များကျင်းပခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ အဖွဲ့ဝင်များသာ ဝင်ရောက်ခွင့်ရှိသည့် ဝက်ဘ်ဆိုက်စာမျက်နှာများတွင် လေ့လာသတင်းရယူနိုင်ခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း၊ နှစ်ဘက်အကြား ဖြစ်နိုင်ချေရှိသည့် ပူးပေါင်းဆောင်ရွက်မှုအတွက် ဆက်လက်ဆက်သွယ်ကြမည်ဖြစ်ကြောင်းဆွေးနွေးပါသည်။ ဆွေးနွေးပွဲပြီးနောက် Waren-Verein က အဖွဲ့ဝင်များအတွက် ဝန်ဆောင်မှုအသေးစိတ် အချက်အလက်များကို အီးမေးပေးပို့ထားပါသည်။ Waren-Verein တွင် The Honey Association၊ European Federation of Honey Packers and Distributors(FEEDM)၊ The German Seafood Association တို့သည် Affiliated Association များအနေဖြင့်လည်းကောင်း၊ Edeka, Aldi, Rewe စသည့် စူပါမားကက်များ၊ ဘဏ်များ၊ အရည်အသွေးစစ်ဆေးမှု ဝန်ဆောင်မှုလုပ်ငန်းများမှာလည်း အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ထားရှိပြီး အဖွဲ့ဝင်များအတွက် လိုအပ်သည့် ဈေးကွက်ပိုင်း၊ အရည်အသွေးပိုင်း၊ ကုန်သွယ်မှုသတင်းအချက်အလက်များကို အသေးစိတ်ထိရောက်စွာပံ့ပိုးပေးနေပါသည်။ Waren-Verein ၏ အချက်

အလက်များကို https://www.waren-verein.de/ တွင် လေ့လာနိုင်ပါသည်။ မြန်မာဘက်မှ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ အနေဖြင့်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ပါက လိုအပ်သည့် ကွန်ယက်ချိတ်ဆက်ဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များရရှိနိုင်ပြီး ဈေးကွက်ဝင်ရောက်နိုင်ရေး အထောက်အပံ့ကောင်းများရရှိနိုင်ပါကြောင်း၊ မြန်မာသံရုံးအနေဖြင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ပါက မြန်မာထုတ်ကုန်များအတွက် ချိတ်ဆက်ဆောင်ရွက်ပေးမှုများ ပိုမိုထိရောက်စွာ ပြုလုပ်ပေးနိုင်မည်ဖြစ်၍ လေ့လာစဉ်းစားရန် သင့်တော်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

(မြန်မာသံရုံး-ဘာလင်) စီးပွားရေးသံမှူး- ဂျာမနီ

## တရုတ်နိုင်ငံ၌ လာမည့်နှစ်အတွင်း လက်လီရောင်းချရမှုကျဆင်းလာနိုင်ဖွယ်ရှိ

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ တရုတ်ပြည်တွင်းတွင် COVID-19 ကူးစက်ပျံ့နှံ့မှုများ ပြန်လည်ဖြစ်ပွားခဲ့ခြင်းကြောင့် လက်လီရောင်းချရမှုသည် ပြီးခဲ့သည့်နှစ်၊ ကာလတူကထက် (၁.၇) ရာခိုင်နှုန်းသာ မြင့်တက်ခဲ့ပါသည်။ သို့ဖြစ်ရာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း လက်လီရောင်းချရသည့် (၃.၉) ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက သိသာစွာ ကျဆင်းခဲ့ပါသည်။ အလားတူပင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေသည်လည်း ပြီးခဲ့သည့်နှစ်ကထက် (၂.၂) ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း၌ လက်လီရောင်းချရသည့်ပမာဏ ကျေနပ်ဖွယ်ရာ တိုးတက်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လက်လီရောင်းချရမှုကျဆင်းလာခြင်းသည် စိန်ခေါ်မှုများအား ပြသနေခြင်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် ဒီဇင်ဘာလသည် တရုတ်လူမျိုးများအနေဖြင့် တရုတ်နိုင်ငံ၏ နွေဦးပွဲတော်မတိုင်မီ ဈေးဝယ်အများဆုံးကာလဖြစ်သော်လည်း အဆိုပါကာလအတွင်း၌ လက်လီရောင်းချရမှု နှေးကွေးလာခြင်းသည် စိန်ခေါ်မှုများအား ပြသနေခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း၌ လက်လီရောင်းချရမှုနှင့် ဝန်ဆောင်မှုကဏ္ဍအား ဆိုးဝါးစွာထိခိုက်လာနိုင်ပြီး လက်လီရောင်းချရမှုသည် အနှုတ်လက္ခဏာအထိ ကျဆင်းနိုင်ဖွယ်ရှိသည်ဟု လေ့လာစောင့်ကြည့်သူများမှ ပြောကြားခဲ့ပါသည်။

Source: https://www.globaltimes.cn/page/202201/1246136.shtml (စီးပွားရေးသံမှူး-ဘေကျင်း)

## တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုစံချိန်တင် မြင့်တက်ခဲ့

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ တရုတ်ယွမ်ငွေ (၃၉.၁)ထရီလီယံ (အမေရိကန်ဒေါ်လာ (၆.၀၅) ထရီလီယံ) ရရှိခဲ့ကြောင်း တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါပမာဏသည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသမိုင်းတစ်လျှောက်တွင် အမြင့်ဆုံးအဖြစ် ၂၀၁၃ ခုနှစ်အတွင်း၌ ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ (၄) ထရီလီယံထက် ကျော်လွန်ခဲ့ကာ မြင့်မားသည့်စံချိန်သစ် ဖြစ်လာခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ်ကထက် (၂၁.၄) ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တင်ပို့မှုပမာဏ၊ တရုတ်ယွမ်ငွေ(၂၁.၇၃)ထရီလီယံ (၂၀၂၀ ပြည့်နှစ်ကထက်(၂၁.၂) ရာခိုင်နှုန်း) တင်သွင်းမှုပမာဏ တရုတ်ယွမ်ငွေ (၁၇.၃၇) ထရီလီယံ (၂၀၂၀ ပြည့်နှစ်ကထက် (၂၁.၅) ရာခိုင်နှုန်း) အသီးသီး တိုးတက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံများမှာ အာဆီယံနိုင်ငံများ၊ ဥရောပသမဂ္ဂနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ပြီး ကုန်သွယ်မှုဆက်လက်တိုးတက်ခဲ့ပါသည်။ အဆိုပါကာလအတွင်း တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုပမာဏ၊ တရုတ်ယွမ်ငွေ (၅.၆၇) ထရီလီယံ ရရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်ကထက် (၁၉.၇) ရာခိုင်နှုန်း ၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် ကုန်သွယ်မှု ပမာဏ၊ တရုတ်ယွမ်ငွေ ( ၅.၃၅) ထရီလီယံ ရရှိခဲ့ကာ၂၀၂၀ ပြည့်နှစ်ကထက် (၁၉.၁) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုပမာဏ တရုတ်ယွမ်ငွေ (၄.၈၈) ထရီလီယံ ရရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ကထက် (၂၀.၂) ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏ တရုတ် ယွမ်ငွေ (၂.၄) ထရီလီယံရရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ကထက် (၉.၄) ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ တရုတ်ယွမ်ငွေ (၂.၃၄) ထရီလီယံရရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ကထက် (၁၈.၄) ရာခိုင်နှုန်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်လျက်ရှိသည့်နိုင်ငံများနှင့် ကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ်ကထက် (၂၃.၆) ရာခိုင်နှုန်း အသီးသီး တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရပါသည်။

Source:-http://www.chinadaily.com.cn/a/202201/15/WS61e2043ea310cdd39bc81315.html (စီးပွားရေးသံမှူး-ဘေကျင်း)

## ၁၉၉၄ ခုနှစ် တရုတ်နိုင်ငံစားသုံးသူများအခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်ရေး ဥပဒေ

၁၉၉၄ ခုနှစ် တရုတ်နိုင်ငံစားသုံးသူများအခွင့်အရေးနှင့်အကျိုးစီးပွား ကာကွယ်ရေးဥပဒေကို အဌမအကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ၁၉၉၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက် နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏အမိန့်အမှတ် ၁၁ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြချက်အား Law of the People's Republic of China on the Protection of Consumer Rights and Interests – China.org.cn တွင် ဖတ်ရှုနိုင်ပါသည်။ စားသုံးသူ ဥပဒေအပြောင်းတွင် အခန်းပေါင်း(၈) ခန်းပါဝင်ပြီး ယင်းတို့မှာ– အခန်း ၁ အထွေထွေပြဋ္ဌာန်းချက်များ၊ အခန်း ၂ စားသုံးသူများ၊အခန်း ၃ စီးပွားရေး လုပ်ငန်းရှင်များ၏တာဝန်များ၊အခန်း ၄ နိုင်ငံတော်က တရားဝင် ပေးအပ်ထားသော စားသုံးသူများ၏ အခွင့်အရေးများနှင့် အကျိုးကျေးဇူးများ၊ အခန်း ၅ စားသုံးသူ အဖွဲ့အစည်းများ၊ အခန်း ၆ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊အခန်း ၇ ဥပဒေဆိုင်ရာတာဝန်နှင့် အခန်း ၈ ဖြည့်စွက် ပြဋ္ဌာန်းချက်များတို့ဖြစ်ပါသည်။ သို့ရာတွင် အနှစ် ၂၀ အကြာတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စားသုံးသူများ အခွင့်အရေးနှင့်အကျိုးစီးပွား ကာကွယ်ရေး ဥပဒေကို ပထမဆုံးအကြိမ် ပြန်လည်ပြင်ဆင်ခဲ့ပြီး စားသုံးသူဆိုင်ရာဥပဒေအသစ်ကို ၂၀၁၄ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အသက်ဝင်စေခဲ့ပြီ ဖြစ်ပါသည်။

(စီးပွားရေးသံမှူး– ကူမင်း)

## တရုတ်နိုင်ငံ လန်ချန်းနှင့် မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု LMC တွင် ထိပ်တန်းဆောင်ရွက်ချက်များ




တရုတ်နိုင်ငံနှင့် မဲခေါင်ငါးနိုင်ငံတို့သည် နီးကပ်သော အိမ်နီးချင်းနိုင်ငံများနှင့် တောင်များနှင့် မြစ်ချောင်းများဖြင့် ရေမြေကြောအလိုက် ဆက်သွယ်ထားသော သဘာဝပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်များဖြစ်ကြ၍ ရာစုနှစ်တစ်ခုအတွင်း မကြုံတွေ့ဘူးသော COVID-19 ရောဂါဖြစ်ပွားမှု တိုက်ဖျက်ရေးတွင်လည်း တရုတ်နိုင်ငံသည် မဲခေါင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ကာ ကမ္ဘာ့နိုင်ငံအားလုံး၏ စီးပွားရေးပြန်လည် ဦးမော့လာစေရန်နှင့် ဒေသတွင်း ပြန်လည်နိုးကြားလာစေရန် ၂၀၂၁ ခုနှစ်အတွင်း အပြုသဘောဆောင်သော ပံ့ပိုးမှုများ ပြုလုပ်ခဲ့ပါသည်။ ဒေသတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို ပြသရန်နှင့် ဒေသတွင်း ခြောက်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို မီးမောင်းထိုးပြရန် ရည်ရွယ်၍ Lancang-Mekong Cooperation for China Secretariat (LMC) သည် China Report ASEAN of China International Communications Group နှင့် The Mekong River of Yunnan Daily Press Group တို့ ပူးပေါင်း၍ ၂၀၂၁ ခုနှစ် LMC နှင့် မဲခေါင်မြစ်ဝှမ်းအတွင်း တရုတ်နိုင်ငံ၏ဆောင်ရွက်ခဲ့သော ထိပ်တန်းဆောင်ရွက်ချက် ၁၀ ချက်ကို (၂၇-၁-၂၂) ရက်နေ့တွင်ထုတ်ပြန်ခဲ့ရာ ယင်းတို့မှာ- အိမ်နီးချင်းနိုင်ငံများနှင့် မျှဝေထားသော အနာဂတ်တွင် အသိုက်အဝန်းတစ်ခုတည်ဆောက်ခြင်း နောက်ပိုင်းအခန်းကဏ္ဍအတွက် နိုင်ငံတော်အကြီးအကဲ သံတမန်ရေးရာ လမ်းစချမှတ်ခြင်း၊ လန်ချန်း-မဲခေါင် ခြောက်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှုခိုင်မာစေမည့် စဉ်ဆက်မပြတ် အဆင့်မြင့်ဖလှယ်မှုများဆောင်ရွက်ခြင်း၊ Lancang-Mekong ကပ်ရောဂါတိုက်ပွဲသည် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုတွင် ကြီးမားသောတိုးတက်မှုများကို သယ်ဆောင်လာခြင်း၊ တရုတ်-လာအိုရထားလမ်းဖွင့်လှစ်ပြီး ဒေသတွင်း ဆက်သွယ်မှုကို အားကောင်းစေခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားနေသည့် အကြားတွင်ပင် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုရရှိပြီး ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှုများ မှန်မှန်တိုးတက်နေစေခြင်း၊ Lancang-Mekong ပူးပေါင်းဆောင်ရွက်မှုသည် ဒေသန္တရအစိုးရများအကြား အရှိန်အဟုန်တိုးမြင့်လာစေခြင်း၊ ကုန်သွယ်မှုပမာဏ စံချိန်တင်မြင့်မားလာသည်နှင့်အမျှ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှ အသီးအပွင့်ရလဒ်များကို ရရှိစေခြင်း၊ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထူးထူးခြားခြားရလဒ်များ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် သန်းပေါင်းများစွာ

သော မိသားစုများကို အကျိုးပြုခြင်းနှင့် လူသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်မှုများတွင် အထင်ကြီးဖွယ်ရလဒ်များ ရရှိခြင်းတို့ဖြစ်ပါသည်။

ရင်းမြစ်-Englishyunnan.cn/html/2022/consulgeneral_0128/27978.html (စီးပွားရေးသံမှူး- ကူမင်း)

## တရုတ်နိုင်ငံသည် လန်ချန်း-မဲခေါင်ဒေသတွင်း စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရာ တွင်၏ ဦးစီးဆောင်ရွက်



၂၀၂၁ခုနှစ်အတွင်း ဒေသတွင်း လန်ချန်း-မဲခေါင်မြစ်ဝှမ်းအတွင်း တရုတ်နိုင်ငံ၏ ထိပ်တန်းဆောင်ရွက်ချက် ၁၀ ခုအနက်တစ်ခုမှာ စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပါကြောင်း ကူးစက်ရောဂါများ ဖြစ်ပွားနေသည့်အကြားတွင်ပင်တိုးတက်မှုရှိပြီး ထုတ်လုပ်မှုစွမ်းရည်ပူးပေါင်းဆောင်ရွက်မှုများ မှန်မှန်တိုးတက်နေစေ၍ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများသည် နယ်ပယ်အသီးသီးတွင် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာမြှင့်တင်ရန်နှင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်အတွက် COVID-19 မှ ဖြစ်ပေါ်လာသော စိန်ခေါ်မှုအမျိုးမျိုးကို ကျော်ဖြတ်ခဲ့ကြရာ ၂၀၂၁ ခုနှစ်တွင် တရုတ်နှင့် မဲခေါင်နိုင်ငံများ၏ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၃၉၈ ဘီလီယံအထိ ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၃ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်း လုပ်ငန်းစဉ်များပြီးမြောက်ခဲ့ပြီး ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နားလည်မှုစာချွန်လွှာကို မွမ်းမံပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် မေလ ၇ ရက်နေ့တွင် ကမ္ဘောဒီးယား စိုက်ပျိုးရေးဝန်ကြီး Veng Sakhon သည် ဖနွမ်းပင်တွင် တရုတ်နိုင်ငံသို့ ပထမဆုံး ကမ္ဘောဒီးယားလတ်ဆတ်သောသရက်သီးများ တင်ပို့မှုအခမ်းအနားကို တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအပေါ် ယုံကြည်မှုရှိကြောင်း ပြသခဲ့ပါကြောင်း ၄က်ပျောသီးပြီးနောက် လတ်ဆတ်သော သရက်သီးများသည် တရုတ်ဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရသည့် ကမ္ဘောဒီးယားနိုင်ငံ၏ဒုတိယမြောက် လတ်ဆတ်သောသစ်သီးများ ဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား တရုတ်-လာအိုစီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီတည်ထောင်ရေး နားလည်မှုစာချွန်လွှာနှင့် ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး တတိယအကြိမ်မြောက် အဓိကပရောဂျက်များကို အတည်ပြုခြင်းနှင့် ပူးတွဲမြှင့်တင်ခြင်းဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်-လာအို ရထားလမ်းသည် တရုတ်-လာအို စီးပွားရေးစင်္ကြံတည်ဆောက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးတွင် တိုက်ရိုက်နယ်စပ်ကုန်သွယ်ရေးအခြေချရန်အတွက် တရုတ်နှင့် မြန်မာငွေများကို သုံးစွဲခွင့်ပြုမည်ဟု ကြေညာခဲ့ပြီး တရုတ်-မြန်မာနယ်စပ်ရှိ ဝိမ်တိန်ဆိပ်ကမ်းသည် သွင်းကုန်နှင့် ပို့ကုန်များကို အကောက်ခွန်ကင်းရှင်းကြောင်း တရားဝင်ပြန်လည်စတင်လိုက်ပြီဖြစ်သည်။ နိုင်ငံတကာ ကုန်းလမ်း၊ ပင်လယ်ကုန်သွယ်ရေးစင်္ကြံသစ် တစ်လျှောက် သယ်ယူပို့ဆောင်ရေးထိရောက်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် တရုတ်-ဗီယက်နမ် ကုန်တင်ရထားများအတွက် အကောက်ခွန်ရှင်းလင်းရေး အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲအတွင်း Lancang-Mekong နိုင်ငံများသည် ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့် စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဒစ်ဂျစ်တယ် E-commerce ပူးပေါင်းဆောင်ရွက်မှု သင်တန်းအစီအစဉ်အပါအဝင် လှုပ်ရှားမှုများကို ဆက်တိုက်ပြုလုပ်ခဲ့ပါသည်။

ရင်းမြစ်-English.yunnan.cn/html/2022/consulgeneral_0128/27978.html (စီးပွားရေးသံမှူး- ကူမင်း)

## တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနေဖြင့် ပြင်ပကမ္ဘာနှင့် ပိုမိုချိတ်ဆက်မှုများဆောင်ရွက်ရန် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကြေညာ

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သည် ပြင်ပကမ္ဘာနှင့် အဓိကကျသော နယ်ပယ်များနှင့် အဓိကချိတ်ဆက်မှုများတွင် ပြုပြင်ပြောင်းလဲရေးကို နက်ရှိုင်းစွာလုပ်ဆောင်မည်ဖြစ်ပြီး၊ ပွင့်လင်းမြင်သာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု



**ယူနန်ပြည်နယ်မှ အကောက်ခွန်အရာရှိများ တရုတ်-လာအို နိုင်ငံတကာကုန်တင်ရထားများ၏ ကွန်တိန်နာများတွင် တံဆိပ်တုံး seals များစစ်ဆေးနေပုံ**

အတွက် နယ်ပယ်သစ်များတွင် ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်သွားမည်ဟု ပြည်နယ်အစိုးရ၏ ပဉ္စမအကြိမ် ပြည်သူ့ကွန်ဂရက်၏ ၁၃ ကြိမ်မြောက် အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပြည်နယ်အစိုးရ လုပ်ငန်းအစီရင်ခံစာအရ သိရှိရပါသည်။ တရုတ်-လာအို ရထားလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးနှစ်တာစီမံချက်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ထောက်ပံ့ပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကာ တရုတ်-လာအိုနိုင်ငံတကာ ကုန်စည်ပို့ဆောင်ရေးရထားများ အကြီးစားလည်ပတ်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ တရုတ်-မြန်မာအိန္ဒိယသမုဒ္ဒရာလမ်းကြောင်းသစ်အောက်တွင် ပင်လယ်၊ မီးရထားနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယူနန်ပြည်နယ်သည် နိုင်ငံခြားကုန်သွယ်မှု၏ ပုံစံသစ်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး၊ နိုင်ငံတွင်းကုန်သွယ်မှုဝန်ဆောင်မှုများတွင် ဆန်းသစ်တီထွင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် စမ်းသပ်မှုများ၊ ပြည်ပတွင် သိုလှောင်ရုံများချဲ့ထွင်ရန်၊ သွင်းကုန်၊ ထုတ်ကုန် ဖြန့်ဖြူးရေးဆိုင်ရာ ပလပ်ဖောင်းများနှင့် အချက်အချာကျသောနေရာများ တည်ဆောက်ကာ အင်ဒို-တရုတ် ကျွန်းဆွယ်ရှိ နိုင်ငံများနှင့် ကုန်သွယ်မှုတိုးချဲ့မည်ဖြစ်သည်။ ပွင့်လင်းသော ပူးပေါင်းဆောင်ရွက်မှုအတွက် ယူနန်သည် အရည်အသွေးမြင့် ပလပ်ဖောင်းများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ(ယူနန်) ရှေ့ပြေးစမ်းသပ်သော လွတ်လပ်သည့် ကုန်သွယ်မှုဇုန် Pilot Free trade zone-PFTZ တွင် ရှေ့ပြေးပြုပြင်ပြောင်းလဲရေးလုပ်ငန်း ၁၅၉ ခုကို အကောင်အထည်ဖော်ရာတွင် ယူနန်ပြည်နယ် အပြည့်အဝတိုးတက်မှုရှိလာမည်ဖြစ်သည်။ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် တရုတ်နိုင်ငံတကာ ခရီးသွားလာရေးပြပွဲတို့ကို အဆင့်အတန်းမြင့်မြင့် ကျင်းပမည်ဖြစ်ပြီး ယူနန်ပြည်နယ် အဆင့်ပြပွဲများနှင့် နိုင်ငံတကာပွဲများ ပိုမိုကျင်းပခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်သည် ပြုပြင်ပြောင်းလဲရေးကို နက်နက်ရှိုင်းရှိုင်း ဆက်လက်လုပ်ဆောင်ခဲ့ပြီး ပွင့်လင်းမြင်သာမှုချဲ့ထွင်ကာ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုမြှင့်တင်ခဲ့သည်။ ယင်းနှစ်အတွင်းတွင် တရုတ်-လာအိုမီးရထားလမ်းသည် ကောင်းမွန်စွာစတင်နိုင်ခဲ့ပြီး တရုတ်-မြန်မာ၊ အိန္ဒိယသမုဒ္ဒရာ ရေလက်ကြားလမ်းသစ် စမ်းသပ်မှု အောင်မြင်ခဲ့ပါသည်။ ယူနန်သည် နိုင်ငံခြားကုန်သွယ်မှု အသွင်ကူးပြောင်းမှုနှင့် အဆင့်မြှင့်တင်ရေး အခြေစိုက်စခန်းအသစ်နှစ်ခုကို နိုင်ငံတော်အဆင့် တည်ဆောက်နိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ပြည်နယ်၏ GDP သည် ယွမ် ၂.၇၁ ထရီလီယံ (ဒေါ်လာ ၄၂၆.၂ဘီလီယံ) ရှိပြီး တစ်နှစ်ထက် တစ်နှစ် ၇.၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော် e-commerce ကုန်သွယ်မှုပမာဏသည် ၃၁၇.၄ ရာခိုင်နှုန်း တိုးလာပြီး စုစုပေါင်းသွင်းကုန်နှင့် ပို့ကုန်ပမာဏသည် ၁၆.၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ပွင့်လင်းသော ပူးပေါင်းဆောင်ရွက်မှုအတွက် အရည်အသွေးမြင့် ပလပ်ဖောင်းများလည်း တည်ဆောက်မည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင်ယူနန်ပြည်နယ်သည် ပြုပြင်ပြောင်းလဲရေးကို နက်နက်ရှိုင်းရှိုင်း ဆက်လက်လုပ်ဆောင်ခဲ့ပြီး ပွင့်လင်းမြင်သာမှုကို ချဲ့ထွင်ကာ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုမြှင့်တင်ခဲ့ကြောင်း သိရှိရပါသည်။

ရင်းမြစ် htpps://englishyunnan.cn/html/2022/consulgeneral_0129/27996.html (စီးပွားရေးသံမှူး- ကူမင်း)

## စင်ကာပူနှင့် ပစိဖိတ် မဟာမိတ်အဖွဲ့ဝင်နိုင်ငံများအကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (FTA) ကို လက်မှတ်ရေးထိုးခဲ့

စင်ကာပူနိုင်ငံသည် ချီလီ၊ ကိုလံဘီယာ၊ မက္ကဆီကိုနှင့် ပီရူးနိုင်ငံတို့ပါဝင်သော ပစိဖိတ် မဟာမိတ်အဖွဲ့ (Pacific Alli-ance - PA) နှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (PA-Singapore Free Trade Agreement - PASFTA) ကို ၂၆ - ၁ - ၂၀၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၇ - ၁ - ၂၀၂၂ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ ကိုလံဘီယာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆) ကြိမ်မြောက် ပစိဖိတ်မဟာမိတ်အဖွဲ့ ထိပ်သီးအစည်းအဝေး၌ အဆိုပါသဘောတူစာချုပ်နှင့် ပစိဖိတ်မဟာမိတ်အဖွဲ့ - စင်ကာပူ ပူးတွဲကြေညာချက် (PA-Singapore Joint Declaration) တို့ကို

လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံဘက်မှ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Gan Kim Yong က လူကိုယ်တိုင်တက်ရောက်၍ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကာ စင်ကာပူဝန်ကြီးချုပ် Lee Hsien Loong က Virtual အစီအစဉ်ဖြင့်တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး၊ ပစိဖိတ်မဟာမိတ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ အသိသက်သေများအဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။

PASFTA ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများအား ၂၀၁၇ ခုနှစ်တွင် တရားဝင်စတင်ဆောင်ရွက်ခဲ့ကြပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အပြီးသတ်ဆွေးနွေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ PASFTA သည် စင်ကာပူနိုင်ငံ၏ FTA ကွန်ရက်ကို ချဲ့ထွင်ပေးသည့် ခေတ်မီ၍ ဘက်ပေါင်းစုံသော သဘောတူစာချုပ်တစ်ခုဖြစ်ကြောင်း၊ စင်ကာပူကုမ္ပဏီများ၏ ပို့ကုန်စရိတ်များကို လျှော့ချပေးမည်ဖြစ်၍ ၎င်းတို့၏ကုန်စည်နှင့် ဝန်ဆောင်မှုများသည် ဈေးနှုန်းပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာကာ ပစိဖိတ်မဟာမိတ်အဖွဲ့ဝင်နိုင်ငံများသို့ ဈေးကွက်ပိုမိုဝင်ရောက်နိုင်စေမည်ဖြစ်ကြောင်း၊ စာချုပ်တွင် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် အစဉ်အလာအတိုင်း ဆောင်ရွက်ကြသောနယ်ပယ်များနှင့်သက်ဆိုင်သည့် Chapter များသာမက စင်ကာပူနိုင်ငံ၏ FTA များတွင် ပထမဆုံးဖြစ်သော နိုင်ငံတကာရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် သက်ဆိုင်သည့် Chapter တစ်ခုလည်းပါဝင်ကြောင်း၊ PASFTA ကို လက်မှတ်ရေးထိုးလိုက်ခြင်းကြောင့် စင်ကာပူသည် ပစိဖိတ်မဟာမိတ်အဖွဲ့နှင့် ပထမဆုံးလက်တွဲဆောင်ရွက်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဖြစ်ကာ ဒစ်ဂျစ်တယ်စီးပွားရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံနှင့် စားနပ်ရိက္ခာကုန်သွယ်မှုစသည့် နှစ်ဖက်အပြန်အလှန်စိတ်ဝင်စားမှုရှိသော ကဏ္ဍများတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်အာဏာသက်ဝင်လာစေရန်အတွက် သက်ဆိုင်ရာနိုင်ငံအလိုက် အတည်ပြုလက်မှတ်ရေးထိုးမှု လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် PASFTA သည် စင်ကာပူနှင့် ပစိဖိတ်မဟာမိတ်အဖွဲ့ဝင်နိုင်ငံများမှ နှစ်နိုင်ငံတို့က အတည်ပြုလက်မှတ်ရေးထိုးပြီးနောက် စတင်အာဏာသက်ဝင်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

သတင်းရင်းမြစ်-Ministry of Trade and Industry, Singapore (စီးပွားရေးသံမှူး- စင်္ကာပူ)

## စင်ကာပူနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်သွင်းမှုပမာဏသည် ၂၀၂၁ ခုနှစ်တွင် စင်ကာပူ ဒေါ်လာ ၂.၄၃၈ ဘီလီယံရှိ

စင်ကာပူနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်သွင်းမှု စင်ကာပူဒေါ်လာ ၂.၄၃၈ ဘီလီယံပြုလုပ်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် တင်သွင်းခဲ့သော စင်ကာပူဒေါ်လာ ၂.၄၁၇ ဘီလီယံနှင့် ၂၀၁၉ ခုနှစ်တွင် တင်သွင်းခဲ့သော စင်ကာပူဒေါ်လာ ၂.၁၈၇ ဘီလီယံတို့ထက် တင်သွင်းမှုပမာဏအနည်းငယ်မြင့်တက်ခဲ့ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းအရ သိရှိရပါသည်။ စင်ကာပူသည် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို မလေးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိကနိုင်ငံတို့မှ အဓိကတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အခြားနိုင်ငံများသို့ ပြန်လည်တင်ပို့မှု (Re-export) သည် ၂၀၂၁ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၀.၃၇၆ ဘီလီယံ၊ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူဒေါ်လာ ၀.၃၆၄ ဘီလီယံနှင့် ၂၀၁၉ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၀.၃၃၃ ဘီလီယံ ရှိကြောင်း ဖော်ပြထားပါသည်။

သတင်းရင်းမြစ် ။ ။ Department of Statistics, Singapore Food Agency (စီးပွားရေးသံမှူး- စင်္ကာပူ)

## ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် ဖွံ့ဖြိုးလာနေသည့် အာရှပစိဖိတ်ဒေသဈေးကွက်သည် အီးယူစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းသဖွယ်ဖြစ်လာနိုင်

ဖွံ့ဖြိုးတိုးတက်လာနေသည့် အာရှပစိဖိတ်ဒေသ ဈေးကွက်၌ ရင်းနှီးမြှုပ်နှံမှုပြုရန် အီးယူရှိ အသေးစားအလတ်စားလုပ်ငန်းများ (SMEs) အတွက် အခွင့်အလမ်းကောင်းတစ်ခုသဖွယ်ဖြစ်လာနိုင်ကြောင်း Euractiv ၏ ဝက်ဘ်ဆိုဒ်၌ Karen Reddington က “It’s time for EU firms to capitalize on the growing Asia-Pacific market” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အာရှပစိဖိတ်ဒေသသည် ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်း အလွန်ကာလတွင် ပြန်လည်ရုန်းထလာနိုင်ပြီး၊ ၎င်းဒေသ၏ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်အလားအလာများကြောင့် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးမှု အမြန်ဆုံးဒေသဆိုင်ရာ စီးပွားရေးတစ်ခုအဖြစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု သိရပါသည်။ အီးယူ၏ စီးပွားရေးသည်လည်း

ကပ်ရောဂါ၏ ကနဦးထိုးနှက်ချက်များမှ ပြန်လည်နိုးထလာနေပြီဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့ကုန်စည်ထုတ်လုပ်စီးဆင်းမှုထောက်ပံ့ရေးလုပ်ငန်းကွင်းဆက်တွင် အဟန့်အတားများရှိနေခြင်းနှင့် အိုမီခရွန်နှင့် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲများ ကူးစက်ပျံ့နှံ့နေခြင်း စသည့်အချက်များနှင့်အတူ အီးယူနှင့် အာရှပစိဖိတ်ဒေသနှစ်ခုစလုံး၏ စီးပွားရေးပြန်လည်နိုးထနိုင်မည့်အလားအလာအပေါ် သတိပြုရမည့် အခြေအနေလည်းရှိကြောင်း ဖော်ပြထားပါသည်။ ယင်းသို့ စိန်ခေါ်မှုများရှိနေစေကာမူ အီးယူနှင့် အာရှပစိဖိတ်ဒေသနှစ်ခုအကြား ကုန်သွယ်မှုဆက်ဆံရေးအပေါ် အပြန်အလှန်မှီခိုမှုနှင့် စီးပွားရေးအရ အပြန်အလှန် အမှီသဟဲပြုနေမှုတို့သည် ခိုင်မာပြီးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် တစ်နှစ်တည်းတွင်ပင် အီးယူနှင့် အာဆီယံတို့အကြား ကုန်စည်ကုန်သွယ်မှုသည်ခန့်မှန်းတန်ဖိုးအားဖြင့် ယူရို (၂၀၀) ဘီလျံရှိခဲ့ပြီး၊ အီးယူသည် အာဆီယံ၌ အများဆုံးရင်းနှီးမြှုပ်နှံသူအဖြစ် ဆက်လက်ရပ်တည်နေကြောင်း ဖော်ပြထားပါသည်။

စူးအက်တူးမြောင်း၌ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ခြင်း၊ လေကြောင်းကုန်စည်ပို့ဆောင်မှုကျဆင်းခြင်း ကဲ့သို့သော ကုန်စည်ထုတ်လုပ်စီးဆင်းမှု ထောက်ပံ့ရေးလုပ်ငန်းကွင်းဆက်အပေါ် ရိုက်ခတ်မှုများသည် အချို့စီးပွားရေးလုပ်ငန်းများအား ကုန်သွယ်မှုစွန့်စားရနိုင်ခြေကို ပြန်လည်ဆန်းစစ်ရန် တွန်းပို့နိုင်ကြောင်း၊ သို့သော် ယင်းအချက်များကြောင့် အီးယူနှင့် အာရှပစိဖိတ်ဒေသတို့ရှိ စီးပွားရေးဈေးကွက်များအကြား ပေါင်းစည်းယှက်နွယ်နေမှုကို အားပျော့စေနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် အာရှပစိဖိတ်ဒေသသည် ကမ္ဘာ့အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး (E-commerce) မှ ဝင်ငွေ၏ (၆၂.၆) ရာခိုင်နှုန်းကို ကိုယ်စားပြုထားပြီး၊ လာမည့်ဆယ်စုနှစ်တွင်လည်း ဆက်လက်ဦးဆောင်သွားဖွယ်ရှိနေကြောင်း၊ ထို့ကြောင့် အီးယူ၏ ပို့ကုန်လုပ်ငန်းများအနေဖြင့် အရှေ့ကိုမျှော်၍ အာရှပစိဖိတ်ဒေသ၌ နိုင်ငံတကာဈေးကွက်ရှာဖွေခြင်းကို ဦးစားပေးဆောင်ရွက်ရန် အခွင့်အလမ်းရှိနေကြောင်းလည်း ဖော်ပြထားပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အီးယူစီးပွားရေးလုပ်ငန်းများအနေဖြင့် အာရှပစိဖိတ်ဒေသ၌ စားသုံးသူအသစ်သန်းပေါင်းများစွာကို ဈေးကွက်ရရှိနိုင်မည့်အပြင် ကိုဗစ်အလွန်စီးပွားရေးပြန်လည်နာလန်ထူမှုကို လွယ်ကူချောမွေ့စေပြီး၊ နိုင်ငံတကာကုန်သွယ်မှုကို ပြန်လည်ရှင်သန်စေနိုင်မည်ဖြစ်ပါကြောင်း၊ SMEs လုပ်ငန်းများသည် အီးယူစီးပွားရေးတွင် ကျောရိုးသဖွယ်ဖြစ်ကာ စီးပွားရေးလုပ်ငန်း ကဏ္ဍအားလုံး၌ တန်ဖိုးထပ်ဖြည့်ပေးသည့် အင်ဂျင်များလည်းဖြစ်ကြောင်း၊ SMEs လုပ်ငန်းများသည် အလုပ်အကိုင်သန်းပေါင်းများစွာကို ဖန်တီးပေးထားပြီး၊ အီးယူဂျီဒီပီ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုကြောင်း သိရပါသည်။ သို့ရာတွင် အီးယူရှိ SMEs လုပ်ငန်းအရေအတွက် (၆၀၀,၀၀၀) ခန့်သာ အီးယူပြင်ပသို့ ပို့ကုန်တင်ပို့နိုင်သေးသဖြင့် နိုင်ငံတကာကုန်သွယ်မှုတွင် ပါဝင်နိုင်မှုသည် နည်းနေကြောင်း၊ SMEs များအတွက် အီးယူပြင်ပနှင့် ကုန်သွယ်မှုအခွင့်အလမ်းများရှာဖွေရာတွင် ယေဘုယျအခက်အခဲများမှာ အကောက်ခွန်နှုန်းထားများ၊ အခွန်အခများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စိတ်ချယုံကြည်ရသော စီးပွားရေးလုပ်ငန်းကွန်ရက်များရှာဖွေရခြင်းတို့ဖြစ်ကြောင်း၊ အချို့သော SMEs များအတွက် ပြည်ပဈေးကွက်နှင့် ထိတွေ့ဆောင်ရွက်ရန် ယဉ်ကျေးမှုဆိုင်ရာများကို နားမလည်ခြင်းမျိုးလည်း ရှိနိုင်ကြောင်း၊ ယင်းကန့်သတ်ချက်များနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်ဆိုင်ရာ အခက်အခဲများကြောင့် အီးယူရှိ SMEs များအား နိုင်ငံတကာဈေးကွက်ရှာဖွေရန် ချီတုံချတုံဖြစ်စေနိုင်ကြောင်း သိရပါသည်။

သို့ရာတွင် အာရှပစိဖိတ်ဒေသနိုင်ငံဈေးကွက်များစွာ၌ SMEs ပို့ကုန်လုပ်ငန်းရှင်များအား အထောက်အကူပေးနိုင်သည့် ကုန်သွယ်မှုအခြေခံအဆောက်အအုံများ ရှိထားပြီးဖြစ်ကြောင်း၊ ဥပမာအားဖြင့် အီးယူ-ဂျပန် စီးပွားရေးမိတ်ဖက်သဘောတူညီချက်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ပြီးနောက်တွင် နှစ်စဉ်တင်ပို့သည့် ပို့ကုန်များအပေါ် အခွန်ဖယ်ရှားပေးခြင်းကြောင့် ပို့ကုန် (၆.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံတွင် Business Plan Drafting Support Service လည်းရှိသဖြင့် ဂျပန်ဈေးကွက်ကို နားလည်စေရန်အတွက် အီးယူ SMEs များကို ကူညီပေးနိုင်ကြောင်း ဖော်ပြထားပါသည်။ အလားတူ အီးယူသည် တောင်ကိုရီးယား၊ စင်ကာပူနိုင်ငံတို့နှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များကို ဆောင်ရွက်ထားကြောင်း၊ အင်ဒိုနီးရှား၊ သြစတြေးလျ၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် ကုန်သွယ်ရေးသဘောတူညီချက်အသစ်များကို ညှိနှိုင်းဆွေးနွေးနေကြောင်း၊ အာရှပစိဖိတ်ဒေသသို့ ပို့ကုန်တင်ပို့လိုသည့် အီးယူ SMEs များအတွက် မြန်ဆန်၍ ပြောင်းလွယ်ပြင်လွယ်ရှိပြီး အားထားယုံကြည်ရသော ဈေးကွက်ဝင်အခွင့်အလမ်းများ လိုအပ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရန် နေရာအခက်အခဲများ ဖြေရှင်းရေးသည်လည်း ကုန်စည်ဝယ်လိုအား တိုးလာသည်နှင့်အမျှ အရေးပါမည်ဖြစ်ကြောင်း သိရပါသည်။

ဆက်သွယ်ရေးတိုးတက်လာခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် ဝယ်ယူမှုများ မြင့်တက်လာခြင်းတို့နှင့်အတူ အာရှပစိဖိတ်ဒေသ၏ E-commerce လုပ်ငန်းမှ ရောင်းချမှုသည် ၂၀၂၅ ခုနှစ်တွင် (၂) ဆ တိုးတက်လာမည်ဟု ခန့်မှန်းထားရာ အာရှ

ပစိဖိတ်ဒေသသည် အီးယူရှိ SMEs လုပ်ငန်းများအတွက် နိုင်ငံတကာဈေးကွက်ရှာဖွေရာတွင် အခွင့်အလမ်းများ ပိုမိုရှိလာမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ရင်းမြစ်–https://www.euractiv.com/ (စီးပွားရေးသံမှူး– ဘယ်လ်ဂျီယံ)

## ဟောင်ကောင်ဒေသ ဒစ်ဂျစ်တယ်လ်ဈေးဝယ်ခွင့် ကူပွန်အစီအစဉ်အသစ် ပံ့ပိုးပေးနိုင်ရန်တိုက်တွန်းထား

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ဒေသအစိုးရမှပံ့ပိုးသည့် ကိုဗစ်–၁၉ ရောဂါရိုက်ခတ်မှုသက်သာခွင့် အစီအစဉ်၏ ပထမအကြိမ် ဒစ်ဂျစ်တယ်လ်ဈေးဝယ်ခွင့်ကူပွန် အစီအစဉ်အနေဖြင့် Octopus ၊ AlipayHK ၊ Tap & Go ၊ WeChat pay အစရှိသည့် အပလီကေးရှင်းများဖြင့်အသုံးပြုနိုင်ရန် ဒေသခံတစ်ဦးလျှင်ဟောင်ကောင်ဒေါ်လာ (၅,၀၀၀) စီ ပံ့ပိုးပေးခဲ့ကြောင်း၊ သို့ဖြစ်ရာ ယခုအကြိမ် ကိုဗစ်–၁၉ ရောဂါပဥ္စမလှိုင်း ကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုအား သက်သာစေရန် ဒေသခံတစ်ဦးလျှင် ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) စီ ပံ့ပိုးပေးသင့်ကြောင်း၊ ထိုကဲ့သို့ ပံ့ပိုးပေးခြင်းဖြင့် ဟောင်ကောင်ဒေသ၏ စီးပွားရေး၊ ပြည်သူများ၏ ရပ်တည်နေထိုင်နိုင်မှုနှင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုနှုန်းများ တိုးတက်လာနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၂၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Tony Cheung က " Calls Grow For A Fresh Digital Voucher Scheme" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါးတွင် ယခုနှစ်သည် ဟောင်ကောင်ဒေသအား ဗြိတိန်နိုင်ငံမှ တရုတ်ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းပေးသည့် (၂၅) နှစ်မြောက်ဖြစ်ပြီး ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) ဒစ်ဂျစ်တယ်လ်ကူပွန် အစီအစဉ်ပံ့ပိုးပေးခြင်းဖြင့် ဟောင်ကောင်ဒေသစီးပွားရေး ပြန်လည်နာလန်ထူစေရန် အရှိန်မြှင့်တင်နိုင်မည့် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ပဥ္စမလှိုင်းကူးစက်ပျံ့နှံ့မှုအား လာမည့်ရက်သတ္တပတ်အတွင်း ထိန်းချုပ်နိုင်မည့်အခြေအနေမှာ သေချာမှုမရှိသောကြောင့် ဒစ်ဂျစ်တယ်လ်ကူပွန်အစီအစဉ်အသစ်ပံ့ပိုးပေးနိုင်လျှင် ဧပြီနှင့် မေလအတွက်ပါ ကြိုတင်စီစဉ်ထားရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်လ် ကူပွန်အစီအစဉ်ပံ့ပိုးပေးခြင်းဖြင့် စီးပွားရေးတိုးတက်နိုင်မှုမှာ ပမာဏအကန့်အသတ်ဖြင့်သာ ရှိမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ၂၀၁၉ ခုနှစ်တွင် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ စတင်ဖြစ်ပွားခဲ့သောကြောင့် ဟောင်ကောင်ဒေသ အစိုးရ၏ ဘဏ္ဍာလိုငွေ ဟောင်ကောင်ဒေါ်လာ(၁၀၁.၆) ဘီလီယံရှိခဲ့ကြောင်း၊ ကိုဗစ်–၁၉ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ဆက်လက်၍ကျဆင်းခဲ့သောကြောင့် ၂၀၂၁ ခုနှစ်တွင် ဘဏ္ဍာလိုငွေ ဟောင်ကောင်ဒေါ်လာ (၂၅၇.၆) ဘီလီယံရှိခဲ့ပြီး ဘဏ္ဍာအရန်ငွေ ဟောင်ကောင်ဒေါ်လာ (၉၀၂.၇) ဘီလီယံလျော့ကျခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဘဏ္ဍာလိုငွေမှာ ဟောင်ကောင်ဒေါ်လာ (၁၀၁.၆)ဘီလီယံအောက် လျော့နည်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး– ဟောင်ကောင်)

## ဟောင်ကောင်ဒေသရှိ အရောင်းစင်များတွင် ဟင်းသီးဟင်းရွက်များပြတ်လပ်ပြီး ကုန်ဈေးနှုန်းမြင့်တက်မှုများရင်ဆိုင်နေရ

ဟောင်ကောင်ဒေသရှိအချို့သော အဓိကကျသည့် စူပါမားကတ်များရှိ အရောင်းစင်များတွင် ဟင်းသီးဟင်းရွက်များ ပြတ်လပ်လျက်ရှိပြီး ကုန်ဈေးနှုန်းမြင့်တက်လျက်ရှိသဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ဖြစ်ပွားမှုကြောင့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်းအပေါ် လက်လီရောင်းချသူများမှ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖြတ်တောက်မှုအပေါ် အပြစ်တင်ပြောကြားလျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Rachel Yeo၊ Ng Kang-chung နှင့် Gary Cheung တို့က "Shoppers met with soaring vegetable prices and empty shelves" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်များတင်သွင်းမည့် သယ်ဆောင်မည့်ကုန်တင်ကားများ မောင်းနှင်သည့် ဒါဇင်ပေါင်းများစွာသော ယာဉ်မောင်းများအနက် ယာဉ်မောင်း (၂) ဦးတွင် ဟောင်ကောင်–ရှန်းကျန့် နယ်စပ်ဖြတ်သန်းစဉ်၌ ကိုဗစ်–၁၉ ရောဂါ စစ်ဆေးတွေ့ရှိသောကြောင့် ယာဉ်မောင်းများအားလုံးမှာ ရှန်းကျန့်မြို့၌ ပိတ်မိလျက်ရှိကြောင်း၊ ၆–၂–၂၀၂၂ ရက်နေ့တွင် ဟောင်ကောင်မြို့ တစ်ဝန်းရှိ အဓိကစူပါမားကတ်များတွင် ဟင်းသီးဟင်းရွက်များ ရောင်းကုန်သွားသည်ကို နေရာအများအပြား၌တွေ့ရှိရပြီး အချို့သော အရောင်းဆိုင်များတွင် ဈေးနှုန်းများ (၂) ဆ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ Causeway Bay ရှိ ဈေးဆိုင်အချို့တွင် ဈေးနှုန်းများ မြင့်တင်ရောင်းချလျက်ရှိကြောင်း၊ တရုတ်ဂေါ်ဖီထုပ်များအား ယခင်ရက်များက (၀.၆) ကီလိုဂရမ်လျှင် ဟောင်ကောင်ဒေါ်လာ (၁၄) ဒေါ်လာ ရောင်းချပြီး

ယခုအခါ ဟောင်ကောင်ဒေါ်လာ (၂၄) ဒေါ်လာဖြင့် ရောင်းချလျက်ရှိကြောင်း၊ ဝယ်ယူသူများမှလည်း ဈေးနှုန်းများ ပိုမိုကြီးမြင့်လျက်ရှိသည်ဟု ပြောကြားလျက်ရှိပြီး ပစ္စည်းများဝယ်ယူမှု လျှော့ချခဲ့ကြကြောင်း၊ ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်များ တင်သွင်းနိုင်ခြင်းမရှိသောကြောင့် ဟင်းသီးဟင်းရွက်ရောင်းချသည့် လက်လီရောင်းချသူ အများအပြားမရှိကြောင်း၊ Causeway Bay ရှိ Wellcome Supermarket ဆိုင်ခွဲရှိ အရောင်းစင်များနှင့် အခြားသောနေရာများရှိ စူပါမားကတ်များစွာတွင်လည်း ညနေပိုင်းတွင် ဟင်းသီးဟင်းရွက် များပြတ်လပ်ခဲ့ကြောင်း၊ လွန်ခဲ့သော (၂) ရက်အတွင်း ဟင်းသီးဟင်းရွက်များတင်သွင်းမှု လျော့နည်းလာသောကြောင့် ပန်းဂေါ်ဖီများအား (၀.၆) ကီလိုဂရမ်လျှင် ဟောင်ကောင်ဒေါ်လာ (၃၈) ဒေါ်လာအထိ ရောင်းချလျက်ရှိသောကြောင့် ယခင်က ပုံမှန်ရောင်းချသည့် ဈေးနှုန်းထက် (၂) ဆ မြင့်တက်လျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်နှင့် ရှန်းကျန့် နယ်စပ်ဂိတ်များမှ တစ်ခုဖြစ်သည့် Wenjindu ( Man Kam) control point ၌ ၄-၂-၂၀၂၂ ရက်နေ့ (သောကြာနေ့) မှ စတင်၍ ဟောင်ကောင်မှ ရှန်းကျန့်သို့ ဝင်ရောက်မည့် ကုန်တင်ကားမောင်းနှင်သည့် ယာဉ်မောင်း၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ပြီးနောက် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ပြတ်တောက်မှု ဖြစ်ပွားခဲ့သည်ဟု Container Transportation Employees General Union မှ သိရှိရကြောင်း၊ ကျန်းမာရေးဆိုင်ရာ အရာရှိများမှ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ရှန်းကျန့်ဂိတ်အား နာရီပေါင်းများစွာ ပိတ်ထားခဲ့ကြောင်း၊ ထပ်မံ၍ ၅-၂-၂၀၂၂ ရက်နေ့ (စနေနေ့) တွင် သတ်မှတ်ထားသော ဟိုတယ်၌ နေထိုင်လျက်ရှိသော ယာဉ်မောင်း (၁) ဦးတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာထိန်းချုပ်ရန် တင်းကျပ်မှုများပြုလုပ်ခဲ့ပြီး ကားများအား ပိုးသတ်ရန် စောင့်ဆိုင်းရခြင်းကြောင့် ဟင်းသီးဟင်းရွက် ကုန်တင်ကား (၁၀၀) ကျော် ပိတ်မိလျက်ရှိကြောင်း၊ ၅-၂-၂၀၂၂ ရက်နေ့ (စနေနေ့) ညပိုင်းတွင် နယ်စပ်ဂိတ်၌ လုပ်ငန်းများ ပြန်လည်လည်ပတ် ဆောင်ရွက်ခဲ့သော်လည်း ကုန်တင်ကားများ ပိတ်ဆို့မှုအား ရှင်းလင်းနိုင်ခဲ့ခြင်းမရှိဘဲ အချို့သော ကုန်တင်ကားများမှာ အချိန်မီ နယ်စပ်ဖြတ်ကျော်နိုင်ခဲ့ခြင်း မရှိကြောင်း၊ အချို့သော လက်လီရောင်းချသူများနှင့် ဈေးဆိုင်များမှာ ဟင်းသီးဟင်းရွက်များ ပြတ်လပ်မှုအပေါ် ဈေးနှုန်းများ မြှင့်တင်ရောင်းချနိုင်ကြကြောင်း၊ Man Kam control point သည် လတ်ဆတ်သော အစားအစာများဖြစ်သည့် ဟင်းသီးဟင်းရွက်များ၊ အသားနှင့်ငါးများအား တရုတ်ပြည်မကြီးမှ အဓိကဝင်ရောက်သည့် နယ်စပ်ဂိတ်ဖြစ်ကြောင်း၊ အဆိုပါ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့သည့် ယာဉ်မောင်းများနှင့် နီးကပ်စွာထိတွေ့ခဲ့သူများမှအပ ကျန်ရှိသည့် ယာဉ်မောင်းများမှာ လုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ကိုင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စာရင်းသွင်းမှတ်ပုံတင်ထားသော ယာဉ်မောင်းများ ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်များ ပို့ဆောင်နိုင်ရန် တရုတ်ပြည်မကြီးဘက်မှ စီစဉ်လျက်ရှိပြီး အချို့သော ကုန်တင်ကား (၂၀) ကျော်မှာ ၆-၂-၂၀၂၂ ရက်နေ့ မနက်ပိုင်းက ဟောင်ကောင်ဒေသသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း၊ သို့သော် Vegetable Marketing Organization နှင့် Cheun Sha Wan Wholesale Food Market တို့၌ ဟင်းသီးဟင်းရွက်များ ပြတ်လပ်မှု၏ သက်ရောက်မှုမရှိခဲ့ကြောင်း၊ Weatern Wholesale Food Market ၌ ဟင်းသီးဟင်းရွက်များတင်သွင်းမှု လျှော့ကျခဲ့မှုများရှိခဲ့သော်လည်း ဈေးကွက်အခြေအနေမှာ တည်ငြိမ်ဆဲဖြစ်ကြောင်း၊ ထို့ပြင် အေးခဲဝက်သား၊ ကြက်နှင့် လတ်ဆတ်သောကြက်ဥများအပေါ် ရိုက်ခတ်မှုမရှိသေးကြောင်း၊ ဟောင်ကောင်ဒေသအတွက် အစားအသောက်များမှာ တရုတ်ပြည်မကြီးမှ အဓိကတင်သွင်းခြင်းဖြစ်ပြီး ဒေသသို့တင်သွင်းလာသည့် ဟင်းသီးဟင်းရွက် (၉၂) ရာခိုင်နှုန်းမှာ တရုတ်ပြည်မကြီးမှ တင်သွင်းခြင်းဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး- ဟောင်ကောင်)

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါသည် ဂျပန်၏စီးပွားရေးကို ထိခိုက်နိုင်ဖွယ်မရှိဟု IMF သုံးသပ်

ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏စီးပွားရေးသည် ကူးစက်ရောဂါ၏ သက်ရောက်မှုဒဏ်ကို သိသိသာသာခံစားရနိုင်မည်မဟုတ်သော်လည်း ပြည်တွင်းသက်ကြီးရွယ်အိုလူဦးရေများ တိုးပွားလာမှုနှင့် လူဦးရေတိုးတက်မှုနှုန်းကျဆင်းလာခြင်းတို့ကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသေချာမှုရှိသည့် ကူးစက်ရောဂါအလွန်ကာလဆိုင်ရာမူဝါဒများကို ဖော်ဆောင်ရန်လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က သုံးသပ်ပြောကြားခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၊ မူဝါဒများနှင့်ပတ်သက်၍ ဂျပန်အစိုးရနှင့်ဆွေးနွေးမှုများဆောင်ရွက်ပြီးနောက် ဂျပန်နိုင်ငံ၏ GDP ၏ ရာခိုင်နှုန်းတစ်ခုအဖြစ် ပါဝင်နေသည့် အခွန်ငွေရရှိမှုသည် စက်မှုထိပ်သီး ၇ နိုင်ငံအုပ်စုပါ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လျော့နည်းနေသည်ကိုတွေ့ရပြီး စားသုံးခွန်တိုးမြှင့်ခြင်းစသည့် စားသုံးမှုမှတစ်ဆင့် အခွန်ကောက်ခံခြင်းစသည့် အခွန်ငွေရရှိမှုနည်းလမ်းကို အဓိကဆောင်ရွက်ခြင်းဖြစ်သည်ဟု IMF ၏ အစီရင်ခံစာတွင်

ဖော်ပြထားပါသည်။ IMF ၏ ပဏာမစိစစ်သုံးသပ်ချက်များအရ ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် အစိုးရ၏ အားကောင်းသည့် ဘဏ္ဍာရေးပံ့ပိုးမှုများ၊ ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းနှင့် ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်အကျပ်အတည်းများကို လျော့ပါးစေရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ၂၀၂၂ ခုနှစ်တွင် ၁.၆ % မြင့်တက်မှုမှသည် ၃.၃ % ထိ ဆက်လက် မြင့်တက်လာနိုင်ကြောင်းသိရပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၄.၅ % ကျဆင်းခဲ့ပါသည်။

လက်ရှိ၌ ဂျပန်နိုင်ငံတွင် ကူးစက်နှုန်းမြန်ဆန်သည့် အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ်၏ ကူးစက်မှုများ မြင့်တက်လာနေခြင်းသည် ၂၀၂၂ ခုနှစ်၏ ပထမသုံးလပတ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို နှေးကွေးစေနိုင်သော်လည်း ကူးစက်မှုလှိုင်း ပြန်လည်ကျဆင်းသွားပြီးနောက် ဒုတိယသုံးလပတ်ကာလတွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်မြင့်တက်လာသည့် အနေအထားဖြစ်လာနိုင်ကြောင်း IMF ကသုံးသပ်ပါသည်။ သို့သော် လက်ရှိအိုမီခရွန် မျိုးကွဲဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်နေစဉ် ကျန်းမာရေးကဏ္ဍကို ယိမ်းယိုင်မှုမရှိစေရန် တင်းကျပ်သည့် ကန့်သတ်ထိန်းချုပ်မှုအစီအမံများ ဆောင်ရွက်ရန် နှောင့်နှေးမှုများရှိပါကကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် စီးပွားရေးအပေါ် မသေချာမရေရာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ကူးစက်ရောဂါ၏သက်ရောက်မှုကြောင့် စီးပွားရေးထိခိုက်မှုလျော့ပါးစေရန် ဘဏ္ဍာရေးမူဝါဒများချမှတ်ဆောင်ရွက်ခြင်းနှင့် ဂျပန်အစိုးရမှ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများအား ငွေကြေးပံ့ပိုးပေးခဲ့သည့်အစီအစဉ်များသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု IMF က ပြောကြားခဲ့ပါသည်။

ကာလလတ်မှ ရေရှည်အတွက် ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အိုလူဦးရေတိုးပွားလာမှုနှင့် လူဦးရေကျဆင်းလာမှုသည် နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်နိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံသို့လာရောက်ခဲ့သည့် IMF Mission ကိုဦးဆောင်ခဲ့သော IMF အာရှနှင့်ပစိဖိတ်ရေးရာဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး Ranil Salgado က သုံးသပ်ပါသည်။ အနာဂတ်တွင် ဖြစ်နိုင်ချေရှိသည့် လုပ်သားအင်အားကျဆင်းခြင်းနှင့် ကုန်ထုတ်စွမ်းအား နိမ့်ကျလာမှုတို့သည် ရေရှည်တွင် ဂျပန်နိုင်ငံ၏စီးပွားရေးအတွက် အဓိကစိန်ခေါ်မှု အခက်အခဲများ အနက် နှစ်ခုဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ကူးစက်ရောဂါပြန့်ပွားနေချိန်အတွင်း အထူးသီးသန့် ဘဏ္ဍာရေးပံ့ပိုးမှုများဆောင်ရွက်ခဲ့ခြင်းနှင့် ကုန်ထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့ခြင်းများသည် ဂျပန်နိုင်ငံ၏ ကြွေးမြီနှင့် GDP အချိုးနှုန်းတွင် ၂၀၁၉ ခုနှစ်အတွင်းမှ ရှိခဲ့သည့် ၂၃၆ % မှ ၂၀၂၁ ခုနှစ်အတွင်း ၂၅၉ % သို့ မြင့်တက်ရောက်ရှိလာစေပါသည်။ ချေးငွေများထုတ်ပေးခြင်းနှင့် ငွေချေးစာချုပ်များ ထုတ်ပေးခြင်းတို့သည့် ရေတိုကာလအတွက် အထောက်အပံ့ဖြစ်နိုင်သော်လည်း ကြွေးမြီများ ရေရှည်တည်တံ့စေနိုင်သည့် အလားအလာကို မြင့်တက်လာနိုင်ကြောင်း IMF ကသုံးသပ်ပါသည်။

ဘဏ္ဍာအခွန်တိုးမြှင့်ရရှိရေးနှင့်ပတ်သက်၍ ပြည်တွင်း၌ လက်ရှိကောက်ခံနေသည့် စားသုံးသူအခွန် ၁၀ % ကောက်ခံခြင်းအပြင် အိမ်ခြံမြေအခွန်ကောက်ခံမှုကို ပိုမိုအားကောင်းစေခြင်းနှင့် လူနေအိမ်မြေယာများအပေါ် အထူးအခွင့်အရေးပေးထားမှုများကို ပယ်ဖျက်ခြင်းများဆောင်ရွက်သင့်ကြောင်း IMF က အကြံပြုထားပါသည်။ တစ်ချိန်တည်းမှာပင် ငွေကြေးဖောင်းပွမှုဖိအားသည် ပြည်တွင်းဝယ်လိုအားနှင့်အညီ တဖြည်းဖြည်းမြင့်တက်လာနိုင်သည်ဟု မျှော်မှန်းထားသော်လည်း ကာလလတ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ဂျပန်ဗဟိုဘဏ်၏သတ်မှတ်ချက် ၂ % အောက်၌သာ တည်ငြိမ်ကောင်းမွန်နေမည်ဖြစ်ကြောင်း IMF က ခန့်မှန်းထားပါသည်။ အခြားသော စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများသည် မြင့်မားသည့် ငွေကြေးဖောင်းပွမှုနှင့် ငွေကြေးအကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့်အတွေ့အကြုံရှိခဲ့ပြီး (သို့မဟုတ်) လတ်တလောရင်ဆိုင်နေရပါသည်။ သို့သော် ငွေကြေးမူဝါဒပိုင်း ကွဲပြားခြားနားချက်သည် ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည် နာလန်ထူမှုအပေါ် အကန့်အသတ်ဖြစ်လာစေနိုင်ကြောင်းနှင့် အတိုးနှုန်းကွဲပြားမှုများသည် ဂျပန်ယန်းငွေကို ပိုမိုအားနည်းစေကြောင်း IMF က သုံးသပ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း သိသိသာသာမြင့်တက်လာသည့် အခြေအနေများသည် ဂျပန်ယန်းငွေအား စိတ်ချရသည့် ငွေကြေးတစ်ခုအဖြစ် တန်ဖိုးထားမှုကို မြင့်တက်လာစေနိုင်ကြောင်း IMF ကပြောကြားခဲ့ပါသည်။

ရင်းမြစ်။ https://www.japantimes.co.jp/news/

(စီးပွားရေးသံမှူး- ဂျပန်)

## ဩစတြေးလျဝါဂွမ်းစိုက်ပျိုးသူများက စံချိန်တင် ဒေါ်လာ ၃.၅ ဘီလီယံတန်ဖိုး ရရှိရန်မျှော်မှန်းထား

ဩစတြေးလျ ဝါဂွမ်းစိုက်ပျိုးသူများသည် ယခုရာသီတွင် ဒုတိယအများဆုံး သီးနှံအဖြစ် စံချိန်တင်ထုတ်လုပ်နိုင်မည်ဟုခန့်မှန်းထားပြီး၊ ပို့ကုန်တန်ဖိုးသည် လက်ရှိပေါက်ဈေးအရ ဩစတြေးလျဒေါ်လာ ၃.၅ ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ Cotton Australia မှ အထွေထွေမန်နေဂျာက ယင်းထုတ်လုပ်မှုသည် လုပ်ငန်းကဏ္ဍ

အတွက် ရလဒ်ကောင်းတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ ချည်ထုတ် ၅ သန်းနှင့် ၅.၂ သန်း အကြားထုတ်လုပ်ရရှိနိုင်မည်ဖြစ်ရာ စံချိန်တင်ဒုတိယအများဆုံး သီးနှံဖြစ်လာနိုင်ဖွယ်ရှိကြောင်း၊ ဩစတြေးလျစိုက်ပျိုးသူများသည် ချည်ထုတ်ပေါင်း ၅ သန်းကျော် ထုတ်လုပ်နိုင်ခဲ့သည့် ၂၀၁၁-၁၂ ခုနှစ်က သတ်မှတ်ထားသော ယခင်စံချိန်တင် ပို့ကုန်တန်ဖိုးထက် ဩစတြေးလျဒေါ်လာ ၃ ဘီလီယံကို ကျော်လွန်ခန့်မှန်းခဲ့ကြောင်း ပြောကြားခဲ့သည်။ ခန့်မှန်းစံချိန်တင်တန်ဖိုးသည် မိုးခေါင်ရေရှားမှုဒဏ်ခံရသော ထုတ်လုပ်မှုဧရိယာ အများအပြားက ကောင်းမွန်သော ရာသီဥတုအခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်းနှင့် ချည်ထုတ်တစ်ထုတ်လျှင် ဩစတြေးလျဒေါ်လာ ၈၄၀ ခန့်အထိ ကမ္ဘာ့ဈေးနှုန်းများ ခိုင်မာလာခြင်းတို့၏ ရလဒ်များကြောင့်ဖြစ်ကြောင်းသိရှိရသည်။

ဝါဂွမ်းဈေးနှုန်းမှာခိုင်မာလျက်ရှိပြီး၊ စံချိန်တင်အဆင့်မဟုတ်သော်လည်း တသမတ်တည်း ခိုင်မာနေခဲ့ကြောင်း သိရှိရသည်။ ဩစတြေးလျ ဝါဂွမ်းလုပ်ငန်းသည် ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု တင်းမာမှုအကျပ်အတည်းထဲသို့ကျရောက်ခဲ့ရပြီး၊ အဓိကဈေးကွက်သို့ တင်ပို့မှု ရပ်တန့်သွားပြီးနောက် ချည်ဈေးကွက်ရှာဖွေသူများသည် အခြားချည်ဈေးကွက်များသို့ အောင်မြင်စွာ လမ်းကြောင်းလွှဲ တင်ပို့နိုင်ခဲ့သည်။ ယခုအခါ ဗီယက်နမ်နိုင်ငံက ဩစတြေးလျ ဝါဂွမ်းများကို ဝယ်ယူလျက်ရှိပြီး၊ ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကလည်း ပြန်လည်ဝယ်ယူလျက်ရှိသည့်အပြင် တူရကီနိုင်ငံကလည်း ဝယ်ယူလျက်ရှိရာ ဩစတြေးလျဝါဂွမ်းသည် ကွဲပြားသော ဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။ ထောက်ပံ့ရေးကွင်းဆက်များရှိ COVID ဆိုင်ရာ အနှောင့်အယှက်များကြောင့် ယခုရာသီတွင် ကမ္ဘာ့ဈေးနှုန်းများသည် စံချိန်တင်မြင့်တက်နေပြီး၊ ကမ္ဘာလုံးဆိုင်ရာ ဝါဂွမ်းထောက်ပံ့မှု၏ ၅ % မှ ၁၀ % သည် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ ဝါဂွမ်းများရှိသော်လည်း ချည်ငင်စက်ရုံသို့ မရောက်မီ အကူးအပြောင်းတွင် ပိတ်မိနေခြင်းများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ကပ်ရောဂါကြောင့် အပိုထုတ်လုပ်မှုကုန်ကျစရိတ်များကလည်း ဝါဂွမ်းဈေးနှုန်းကို မြင့်တက်စေသည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။

Source: www.abc.net.au (စီးပွားရေးသံမှူး-ဩစတြေးလျ)

## ဘရာဇီးလ်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုများကြောင့် အာဂျင်တီးနားနိုင်ငံတွင် ပဲပုတ်စေ့စိုက်ခင်းများ ထိခိုက်ပျက်ဆီးလျက်ရှိ




ယခုအပတ်တွင်း အာဂျင်တီးနားနိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးမှုသည် စုစုပေါင်းစိုက်ပျိုးဧရိယာ၏ ၉၉.၇ ရာခိုင်နှုန်းအထိပြီးစီးနိုင်ပြီး စုစုပေါင်းသီးနှံစိုက်ပျိုးမြေဟက်တာ ၁၆.၃ သန်းရှိနိုင်ကြောင်း Buenos Aires Cereal Exchange ၏ အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။ ဆီထွက်သီးနှံများ စိုက်ပျိုးထားသည့် စိုက်ပျိုးမြေဧရိယာ၏ ၁၈.၁ ရာခိုင်နှုန်းသည် ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ သီးနှံစိုက်ခင်းများသည် ယခင်အပတ်က မိုးခေါင်သည့် ရာသီဥတုဒဏ်ကို ခံစားခဲ့ရပြီး ယခုအပတ်ဇန်နဝါရီလ ၂၈ ရက်နေ့မတိုင်မီအထိ မိုးများသည်းထန်စွာရွာသွန်းလျက်ရှိနေသဖြင့် မိုးများမှုများဖြစ်ပေါ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။အာဂျင်တီးနားနိုင်ငံ၊ Cór-doba တောင်ပိုင်းတွင် မိုးများလျက်ရှိနေပြီး Buenos Aires အနောက်ပိုင်းတွင် ဆီးနှင်းများကျရောက်လျက်ရှိနေသဖြင့် ပဲပုတ်စေ့စိုက်ခင်းဧရိယာ၏ ၆.၃ ရာခိုင်နှုန်းအား ထိခိုက်ပျက်ဆီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခင်ကခန့်မှန်းထားသည့် ပဲပုတ်စေ့အထွက်ပမာဏအောက် လျော့ကျနိုင်ရန် ခန့်မှန်းထားကြောင်း Argentine stock exchange ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဂျင်တီးနားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ရာသီဥတုဖောက်ပြန်မှု အခြေအနေများကြောင့် ပဲပုတ်စေ့စိုက်ခင်း ဧရိယာစုစုပေါင်း၏ ၃၅.၉ ရာခိုင်နှုန်းသည် ခြောက်သွေ့သည့် ရာသီဥတုဒဏ်ခံစားရလျက်ရှိနေပြီး ၅၂.၂ ရာခိုင်နှုန်းသည် မိုးများသည့်အခြေအနေနှင့် ကြုံတွေ့ရလျက်ရှိကြောင်း၊ ၁၉ ရာခိုင်နှုန်းသည် ပုံမှန်ရာသီဥတုရရှိသည့် အခြေအနေအောက်တွင်ရှိနေကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

Source-canalrural.com.br (စီးပွားရေးသံမှူး-ဘရာဇီးလ်)

## ဘရာဇီးလ်နိုင်ငံ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပဲပုတ်စေ့တန်ချိန် ၉.၉ သန်းတင်ပို့နိုင်ရန်မျှော်မှန်း





၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၂.၄၁၈ သန်းအား တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ပဲပုတ်စေ့တန်ချိန် ၉.၉၂၃ သန်းအထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပဲပုတ်စေ့တန်ချိန် ၅.၅၁၀ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း National Association of Cereal Exporters (Anec) က ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၉ ရက်နေ့ကာလအတွင်း ပဲပုတ်စေ့တန်ချိန် ၇၉၅,၅၁၉ တန် တင်ပို့ခဲ့ပြီး ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၅ ရက်နေ့ကာလအတွင်း ပဲပုတ်စေ့တန်ချိန် ၁.၇၉၉ သန်းတင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း Anec အသင်းက ပြောကြားခဲ့သည်။ ပဲပုတ်စေ့စားသောက်ကုန်ပစ္စည်းတင်ပို့မှုတွင် ယခုနှစ် ဇန်နဝါရီလအတွင်းက တန်ချိန် ၁.၅၈၈ သန်းတင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း တန်ချိန် ၁.၂၈၉ သန်းတင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တန်ချိန် ၈၉၀,၃၆၈ တန်အား တင်ပို့ခဲ့ကြောင်း အသင်းက ပြောကြားခဲ့သည်။

Source-canalrural.com.br (စီးပွားရေးသံမှူး-ဘရာဇီးလ်)

## ဘရာဇီးလ်နိုင်ငံ၏ သီးနှံစတော့ဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ ဟဲရာ ၂၀၀ အထက်သို့မြင့်တက်လျက်ရှိ

အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုတ်စေ့ကြိုပွဲဈေးနှုန်းများ မြင့်တက်မှုနှင့်အတူ ဘရာဇီးလ်နိုင်ငံရှိသီးနှံဈေးကွက်အချို့တွင် ပဲပုတ်စေ့ဈေးနှုန်းများ လိုက်ပါမြင့်တက် လျက်ရှိသည်။ လတ်တလောရက်များတွင် ဖြစ်ပေါ်နေသည့် ဒေါ်လာငွေတန်ဖိုးကျဆင်းမှုနေကြောင့် သီးနှံဝယ်လက်များ ဈေးကွက်အခြေအနေကို လေ့လာစောင့်ကြည့်လျက်ရှိသဖြင့် အရောင်းအဝယ်များ အေးစက်လျက်ရှိခဲ့သည်။ ဘရာဇီးလ်နိုင်ငံရှိ ပဲပုတ်စေ့ အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်များတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် သီးနှံရိတ်သိမ်းမှုများရပ်ဆိုင်းထားရသဖြင့် ဈေးကွက်သို့ သီးနှံဝင်ရောက်မှုများ သိသိသာသာကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ပဲပုတ်စေ့ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိရာ သီးနှံစိုက်ပျိုးထုတ်လုပ်သူများသည် ဈေးကောင်းရရှိရေးအတွက် ဈေးကွက်အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။ အလေးချိန် ၆၀ ကီလိုဂရမ်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၂၀၂.၀၀ ဟဲရာမှ ၂၀၄.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၂၀၀ ဟဲရာမှ ၂၀၃.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၉၈.၀၀ ဟဲရာမှ ၂၀၀.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၁၉၁.၀၀ ဟဲရာမှ ၁၉၃.၅၀ ဟဲရာ သို့လည်းကောင်း၊ Port of Paranaguá(PR) ဈေးကွက်တွင် ၁၉၆.၀၀ ဟဲရာမှ ၁၉၈.၅၀ ဟဲရာသို့လည်းကောင်း ၊ Rondonópolis (MT) ဈေးကွက်တွင် ၁၈၁.၀၀ ဟဲရာမှ ၁၈၅.၀၀ ဟဲရာသို့ လည်းကောင်း၊ Dourados(MS) ဈေးကွက်တွင် ၁၈၂.၀၀ ဟဲရာမှ ၁၉၀.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde(GO) ဈေးကွက်တွင် ၁၈၀.၀၀ ဟဲရာမှ ၁၈၃.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ပြီး Port of Santos (SP) ဈေးကွက်တွင် ၁၉၇.၀၀ ဟဲရာဖြင့် ဈေးနှုန်းတည်ငြိမ်ခဲ့သည်။

သီးနှံစိုက်ပျိုးချိန်ကာလတွင် ပဲပုတ်စေ့အများအပြားစိုက်ပျိုးထွက်ရှိသည့် တောင်အမေရိကတိုက်ရှိ ဘရာဇီးလ်နိုင်ငံတောင်ပိုင်း၊ ပါရာဂွေး၊ အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံတို့၌ ခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်ရန်ခန့်မှန်းထားပြီး

သီးနှံအထွက်နှုန်းများကျဆင်းနိုင်ကြောင်း ခန့်မှန်းသုံးသပ်ထားသဖြင့် အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက် (Chicago Commodity Exchange – CBOT) ၏ ဖေဖော်ဝါရီလ ၇ ရက်နေ့သီးနှံကြိုပွိုင့်ရောင်းဝယ်မှုတွင် ပဲပုတ်စေ့ဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဌာန (U.S. Department of Agriculture – USDA)၏ ဖေဖော်ဝါရီလ လယ်ယာထွက်ကုန်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုတ်စေ့တန်ချိန် ၅၀၇,၀၀၀ တန်အား ရောင်းချထားပြီး တန်ချိန် ၂၄၉,၀၀၀ တန်အား ၂၀၂၁–၂၀၂၂ သီးနှံကာလအတွင်းတင်ပို့သွားရန်နှင့် တန်ချိန် ၂၅၈,၀၀၀ တန်အား ၂၀၂၂–၂၀၂၃ သီးနှံကာလတွင် တင်ပို့သွားမည်ဖြစ်ကြောင်း အမေရိကန်ပို့ကုန်လုပ်ငန်းရှင်များက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

၂၀၂၁–၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုတ်စေ့လက်ကျန်သည် ပဲပုတ်စေ့စည်ပေါင်း ၃၁၄ သန်းခန့် ကျန်ရှိနိုင်ပြီး ယခင်နှစ်က စည်ပေါင်း ၂၅၇ သန်း ကျန်ရှိခဲ့ကြောင်း ဈေးကွက်သုတေသနပညာရှင်များက ပြောကြားခဲ့သည်။ ၂၀၂၁–၂၀၂၂ ခုနှစ်ကာလ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုတွင် ဘရာဇီးလ်နိုင်ငံမှ တန်ချိန် ၁၃၃ သန်းခန့်နှင့် အာဂျင်တီးနားနိုင်ငံမှ တန်ချိန် ၄၄.၂ သန်းခန့် ထွက်ရှိနိုင်ကြောင်း၊ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ အမေရိကန်ပဲပုတ်စေ့တင်ပို့မှုသည် တန်ချိန် ၁.၂၁၈ သန်းရှိခဲ့ကြောင်း USDA ၏ ဇန်နဝါရီလအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ကြိုပွိုင့်ရောင်းဝယ်မှုတွင် ၂၀၂၂ ခုနှစ်၊ မတ်လအတွက် ပဲပုတ်စေ့ ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅.၈၁ ဒေါ်လာဈေးပေါက်ခဲ့သဖြင့် ယခင်ကထက် ၂၈.၈၅ ဆင့်မြင့်တက်ခဲ့ကြောင်း၊ မေလအတွက် ပဲပုတ်စေ့ ၁ စည်တန်ဖိုးသည် ၁၅.၈၆ ဒေါ်လာဈေးပေါက်ခဲ့သဖြင့် ယခင်ကထက် ၂၈.၇၅ ဆင့်ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ပဲပုတ်ထွက်ကုန်ရောင်းဝယ်မှုတွင် မတ်လအတွက် ပဲပုတ်ခွံကြိုပွိုင့်ဈေးနှုန်းသည် ၈.၉၀ ဒေါ်လာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂.၈၀ ဒေါ်လာဖြင့်လည်းကောင်း၊ မတ်လအတွက် ပဲပုတ်ဆီကြိုပွိုင့်ရောင်းဝယ်မှုတွင် ၀.၀၂ ဆင့်ဈေးနှုန်းကျဆင်းခဲ့ပြီး ၁ ပေါင်လျှင် ၆၅.၃၄ ဆင့်ဖြင့်လည်းကောင်း ဈေးနှုန်းများအသီးသီးဖြစ်ပေါ်ခဲ့ကြောင်းနှင့် နိုင်ငံခြားငွေရောင်းဝယ်မှု ဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၅.၂၅၂၀ ဟဲရာဖြင့် ဈေးနှုန်းဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

Source–canalrural.com.br (စီးပွားရေးသံမှူး–ဘရာဇီးလ်)

## ဘရာဇီးလ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၁၃၁.၈ သန်းအထိ ထွက်ရှိနိုင်ရန် မျှော်မှန်းထား



**Soybean harvest**

ဘရာဇီးလ်နိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု သုတေသနပြုချက်များအရ ၂၀၂၂ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၂၇၁.၉ သန်းခန့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်ထုတ်ပြန်သည့် Brazilian Institute of Geography and Statistics (IBGE)၏ သတင်းတွင်ဖော်ပြခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင်ထုတ်ပြန်ခဲ့သည့် စိုက်ပျိုးရေးသုတေသနအဖွဲ့၏ သီးနှံခန့်မှန်းချက်တွင် ဘရာဇီးလ်နိုင်ငံ၏သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုတ်စေ့တန်ချိန် ၁၃၁ သန်း၊ ပြောင်းတန်ချိန် ၁၀၉.၉ သန်းနှင့် ဆန်တန်ချိန် ၁၁.၀ သန်းတို့ အသီးသီးထွက်ရှိနိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ နှံစားသီးနှံ၊ ပဲတောင့်ရှည်နှင့်ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုသည် တန်ချိန် ၂၇၁.၉၀ သန်းအထိ စံချိန်တင်ထွက်ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၂၅၃.၂၀ သန်းထွက်ရှိခဲ့သဖြင့် ယခုနှစ်တွင် သီးနှံထွက်ရှိမှုသည် ၇.၄ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း စီးပွားရေးဌာန(IBGE)၏ သတင်းတွင်ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် သီးနှံစိုက်ပျိုးမှုဧရိယာသည် ၆၈.၆ သန်းကျော်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၇၁.၂ သန်းအထိစိုက်ပျိုးနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်၏ သီးနှံစိုက်ပျိုးမှုအား ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပြောင်းစိုက်ဧရိယာတွင် ၅.၈ ရာခိုင်နှုန်း၊ ဝါစိုက်ဧရိယာတွင် ၇.၂ ရာခိုင်နှုန်းနှင့် ပဲပုတ်စေ့စိုက်ပျိုးဧရိယာတွင် ၃.၆ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက်နိုင်ပြီး ဆန်စိုက်ပျိုးမှုတွင် ၀.၉ ရာခိုင်နှုန်းနှင့် ဂျုံစိုက်ပျိုးမှုတွင် ၁.၇ ရာခိုင်နှုန်းတို့ လျော့ကျနိုင်ကြောင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

Source–canalrural.com.br (စီးပွားရေးသံမှူး–ဘရာဇီးလ်)

## တောင်အာဖရိကနိုင်ငံ၏ လိမ္မော်သီးလုပ်ငန်းကဏ္ဍာသည် သွင်းအားစုများနှင့် ဝန်ဆောင်ခများကြီးမြင့်မှုကြောင့် အကျိုးအမြတ်ရရှိရန်အခက်အခဲရှိနေ



တောင်အာဖရိကနိုင်ငံ လိမ္မော်သီး စိုက်ပျိုးထုတ်လုပ်သူများအသင်း က လိမ္မော်သီးကဏ္ဍာအကျိုးအမြတ်နှင့် ရေရှည်စီးပွားရေးကောင်းမွန်နိုင်မှုသည် သွင်းအားစုများနှင့် ဝန်ဆောင်ခများ ကြီးမြင့်မှုကြောင့် အကျိုးအမြတ်ရရှိနိုင်ရန် ခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း၊ အမှုဆောင်အရာရှိချုပ် Justin Chad–wick က သဘော်ာဝန်ဆောင်ခများကြီးမြင့်မှုသည်အဓိကအချက်ဖြစ်နေကြောင်း၊ နိုဝင်ဘာလတွင် တောင်ပိုင်းအာဖရိက လိမ္မော်သီး စိုက်ပျိုးသူများအနေဖြင့် ကမ္ဘာတစ်ဝှမ်းသို့ လိမ္မော်သီးစက္ကူပုံးပေါင်း၁၆၁.၆ သန်းတင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်လျှင်စက္ကူပုံးပေါင်း ၁၈.၆ သန်း တိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။သို့သော် အဆိုပါကဏ္ဍာအနေဖြင့် ကမ္ဘာ့သဘော်ာလိုင်းအကျပ်အတည်း ၊ EU က ချမှတ်ထားသည့် တင်းကြပ်သည့်အပင်ပိုးမွှား စစ်ဆေးရန်လိုအပ်ခြင်းနှင့် တောင်အာဖရိကနိုင်ငံဆိပ်ကမ်း ဝန်ဆောင်မှုများ၌ ခက်ခဲသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကြောင်း၊ EU ၏အပင်ပိုးမွှားစစ်ဆေးရေးမူဝါဒကိုလိုက်နာရန် နှစ်စဉ်ရန်း ၄ ဘီလီယံကျော်ကုန်ကျရကြောင်း၊ ကုန်စည်ပို့ဆောင်မှု ဝန်ဆောင်ခအနေဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၃၀ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ သဘော်ာလိုင်း အချိန်ဇယားများပြောင်းလဲမှုသည်လည်း စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဈေးကွက်တိုးမြှင့်ရရှိသည့် ကမ္ဘာ့အရှေ့ဘက်ခြမ်းဈေးကွက်များကို အချိန်မီပို့ဆောင်ရန် အခက် အခဲများရှိခဲ့ကြောင်း သိရှိရပါသည်။တောင်အာဖရိကနိုင်ငံလယ်သမားများအတွက် ၂၀၂၁–၂၀၂၂ ခုနှစ်ရာသီချိန်၌ သွင်းအားစုဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ရာသီဥတုကောင်းမွန်နိုင်မှုနှင့် ကုန်စည်ဈေးနှုန်းမြင့်တက်နိုင်မှုတို့သည် ငွေကြေးအရ အကျိုးအမြတ်ပြန်လည်ရရှိနိုင်ရန် မျှော်မှန်းနိုင်ကြောင်း၊ သို့သော်လက်ရှိကာလ နိုင်ငံအတွင်းမိုးများစွာရွာသွန်းမှုသည် အချို့ဒေသများတွင်စိုက်ပျိုးရန် နှောင့်နှေးခြင်းနှင့် အခြားဒေသများတွင် သီးနှံများပျက်စီးခြင်းများကြောင့် ၂၀၂၁–၂၀၂၂ ရာသီအတွက် ဘဏ္ဍာရေးအရ ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း၊ အဓိကဓါတ်မြေဩဇာများဖြစ်သော အမိုနီယမ်နိုက်ထရိတ်၊ ယူရီးယားနှင့် ပိုတက်စီယမ်ကလိုရိုက်များသည် ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ၁၀၇ ရာခိုင်နှုန်း၊ ၅၈ ရာခိုင်နှုန်းနှင့် ၁၂၅ ရာခိုင်နှုန်းအသီးသီးတိုးမြင့်ခဲ့ကြောင်း၊ ထိုသို့တိုးမြင့်ခဲ့ရခြင်း သည် အဓိက ဓါတ်မြေဩဇာထုတ်လုပ်သည့်နိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် ကနေဒါနိုင်ငံတို့၏ ထုတ်လုပ်နိုင်မှု အခက်အခဲများနှင့် ကြုံတွေ့နေရခဲ့ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: https://businesstech.co.za/news/business/553228/imf-cuts-south-africa -growth-forecasts/

(စီးပွားရေးသံမှူး–တောင်အာဖရိက)

### သတင်းများ

| | | |
|---|---|---|
| China (Kumning) | – | ၄ |
| Brazil | – | ၄ |
| China (Nanning) | – | ၃ |
| India | – | ၃ |
| Thailand | – | ၃ |
| Singapore | – | ၂ |
| China (Hong Kong) | – | ၂ |
| China (Beijing) | – | ၂ |
| Belgium | – | ၁ |
| Australia | – | ၁ |
| Korea | – | ၁ |
| South Africa | – | ၁ |
| Japan | – | ၁ |
| Germany | – | ၁ |
| USA | – | ၁ |